မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မင်္ဂလာဒုံစက်မှုဇုန်ရှိ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့်စက်ရုံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Asia Optical International Co., Ltd. သို့ ရောက်ရှိပြီး ကုမ္ပဏီ၏မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ●



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မင်္ဂလာဒုံစက်မှုဇုန်ရှိ **Myanmar Asia Optical International Co., Ltd.** ၏ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့်စက်ရုံတွင် မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် နေအိမ်များ အခိုင်အမာဆောက်လုပ်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၂

နိုင်ငံတော်၏ ထောက်ပံ့စီစဉ်မှုဖြင့် သက်ဆိုင်ရာ ကုမ္ပဏီများက လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအတွက် ၁၆ပေ×ပေ၂၀ အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နေအိမ်များကို အခိုင်အမာဆောက်လုပ်ပေးလျက်ရှိသည်။

တည်ဆောက်ပေး

ယင်းသို့ အခိုင်အမာနေအိမ်များ ဆောက်လုပ်ရာတွင် ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာမှ အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအတွက် ထူးထရေးဒင်းကုမ္ပဏီက တာဝန်ယူ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာမှ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအတွက် ငွေဆင်ကုမ္ပဏီ၏ အကုန်အကျခံမှုဖြင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီက တည်ဆောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

သူတို့သိသွားကြလေပြီ

မြန်မာတို့ မြန်မြန်ဆန်ဆန် နာလန်ပြန်ထူလာခြင်း၏ နောက်ထပ်အဓိက အကြောင်းရင်းတစ်ခုမှာ ပြည်တွင်းအင်အားပင်ဖြစ်၏။ ပြည်တွင်းအင်အားနှင့်ပတ်သက်၍ စေတနာ သဒ္ဓါတရား ထက်သန်လှသော ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ကူညီလှူဒါန်းမှုများကို နိုင်ငံခြားသံတမန်များကပင် အံ့သြချီးကျူးကြရသည်။ "ဒေသန္တရအဖွဲ့အစည်းတွေ၊ ဆေးအဖွဲ့တွေ၊ တချို့လုပ်ငန်းရှင်တွေရဲ့စွမ်းဆောင်မှုကတော့ တကယ့်ကိုချီးကျူးစရာပါပဲ၊ ကူညီကယ်ဆယ်ရေးမှာ တကယ့်သူရဲကောင်းတွေပါပဲ" ဟု ပြောလာသူက ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် **Ruth Bradley Jones** ဖြစ်၏။

လှိုင်အောင်၏ ဆောင်းပါး စာ-၃ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၃ ရက်)

လေဘေးသင့်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဒေသလိုအပ်ချက်နှင့်အညီ စီမံဖြည့်ဆည်းပေး

နိုင်ငံတော်အစိုးရကဦးဆောင်ပြီး ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်မှုဖြင့် လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စီမံဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ လေဘေးသင့်ဒေသများ၌ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံနှင့်ဌာနဆိုင်ရာ အဆောက်အအုံများကို ပြန်လည်ပြင်ဆင် တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ တစ်ချိန်တည်းတွင် နိုင်ငံတော်၏ ထောက်ပံ့စီမံမှု၊ စေတနာရှင်များ ပူးပေါင်းပါဝင်မှုဖြင့် ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာနှင့် စက်ဆန်းကျေးရွာများ၌ အိုးအိမ်ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများအတွက် အနံ ၁၆ပေ၊အလျား ပေ၂၀အကျယ်ရှိ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ အခိုင်အမာနေအိမ်များကို သက်ဆိုင်ရာကုမ္ပဏီများက စတင်ဆောက်လုပ်ပေးနေပြီဖြစ်သည်။

ထို့ပြင် လေဘေးသင့်ဒေသများတွင်လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လျှပ်စစ်ဓာတ်အား လိုင်းများအပါအဝင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်အတူ သက်ဆိုင်ရာကုမ္ပဏီများ၏ ပူးပေါင်းကူညီမှုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသခံပြည်သူများ၏ မြို့ပြ ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း စသည့် မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် လုပ်ငန်းခွင်သုံးပစ္စည်း၊ နည်းပညာနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးလျက်ရှိသည်။

နိုင်ငံတော်စီးပွားရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်မြင့်မားရေးတို့တွင် အဓိကကျသည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆားလုပ်ငန်းနှင့် ရေလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဒေသခံပြည်သူများက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူနေမှု အဆင့်အတန်းများ ယခင်မူလအခြေအနေထက် ပိုမိုတိုးတက်မြင့်မားလာစေရေးအတွက် နိုင်ငံတော်ကစေတနာဖြင့် စီမံဖော်ဆောင်ပေးလျက်ရှိသည်။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသောဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဒေသလိုအပ်ချက်နှင့်အညီ စီမံဖြည့်ဆည်းပေးရာတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းဖော်ဆောင်လျက်ရှိရာ လေဘေးသင့်ဒေသများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ လျင်မြန်စွာ တိုးတက်ကောင်းမွန်လာပြီဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာ တရားသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၂

ရွှေတိဂုံဘုရားမြောက်ဘက်မုခ်ရှိ ပခုက္ကူမွှာရုံကြီးတွင် (၂၆)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိကဆရာကြီး ဦးစိန်ဝက ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကိုကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိသ္သယအတိုင်း ဇွန် ၂၅ရက်မှ ၂၉ရက်အထိ နေ့စဉ်မွန်းတည့်၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြော ပို့ချမည် ဖြစ်ရာ မည်သူမဆိုတက်ရောက် နာယူနိုင်ကြောင်းသိရသည်။ (က-ပ)

သန်လျင် မိုးကုတ်ရိပ်သာတရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အမှတ် ၂၄ သိပ္ပံလမ်း အုတ်ဖိုစုရပ်ကွက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၁၂၆)၏ (၇၅)ကြိမ်မြောက် ဝါဆိုတရားစခန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို နယုန်လပြည့်ကျော် ၁၃ရက်မှ ဝါဆိုလဆန်း ၅ရက်(ဇူလိုင်၁ရက်မှ၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးမှ နယ်လှည့်ဓမ္မကထိက ဆရာကြီးဦးဆန်းတင်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိသ္သယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါဆိုလဆန်း ၄ရက်(ဇူလိုင် ၆ရက်) နံနက် ၉နာရီတွင် ကပ်လှူမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများနှင့် ဝါဆိုသင်္ကန်းလှူဒါန်းလိုသူများ ဦးစိန်ရွှေ ခရမ်းဆီဆိုင်နှင့် ဒေါ်အုန်းကြည် ဈေးအရှေ့ ဗိုလ်ချုပ်နေဝင်းလမ်း ဖုန်း-၀၅၆-၂၁၃၈၈၊ ၂၁၄၇၈၊ ၂၁၆၉၈၊ ၂၁၆၅၀နှင့် ၂၁၂၂၇တို့သို့ ကြိုတင်စာရင်းပေးနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

အောင်စကြာတိုက်ကျောင်း အလုပ်ပေးတရားပွဲ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်းတွင် ဇူလိုင်၁ရက်(အင်္ဂါနေ့)ညနေ၆နာရီမှစ၍ ခုနစ်ရက်အလုပ်ပေးတရားပွဲ ကျင်းပမည်ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်တရားတော်ကြီးကို ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း အခြေခံမှစ၍ ပြသမည်ဖြစ်ပြီး တစ်နာရီတရားဟောပြီးသည်နှင့် လက်တွေ့တစ်နာရီ တရားအားထုတ်ရမည်ဖြစ်သည်။ (မဟာဓမ္မကထိက ဗဟုဇနဟိတရေ) ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာ ဆရာတော်ကိုယ်တိုင် ဟောကြားပြသမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားနာယူ အားထုတ်နိုင်ပြီး ဖုန်း-၂၂၄၆၈၁သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၃-၆-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၂၀ ၈။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့ သူရဲကောင်း** (အပိုင်း -၇၇)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူရဲကောင်း** (အပိုင်း-၂)

သဃ်္ဃန်းကျွန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး မြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် (ဃ)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ကြီးကြပ်၍ ဇွန်၂၁ ရက်က ရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်ပြီး လုပ်သားလမ်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရပ်ကွက်ဥက္ကဋ္ဌ ဦးဟန်စိန်နှင့် လမ်းမိသားစုများ ရှင်းလင်းစဉ်။ (ခရိုင် ပြန်/ဆက်)

လေဘေးသင့်ပြည်သူများအတွက် ငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် ဇွန် ၂၂

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယမန်နေ့က ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေ လက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အလှူငွေ

အဆိုပါ အလှူရှင်များမှာ Young Young Moi Spring Energy SDN BHD Malaysia (Seremban Quarry)ကငွေကျပ်၁၇၅၀၀၊ ဒုတိယဗိုလ်မှူးကြီး မောင်မြင့်(ငြိမ်း)၊ သားကျော်ဇေယျာမြင့်၊ သမီး ခိုင်စန္ဒာမြင့် မိသားစု၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်(မုံရွာ)က ငွေကျပ် ၁၃၀၀၀၀၊ နီပေါနိုင်ငံ အစိုးရက အမေရိကန် ဒေါ်လာ ၄၀၀၀၀၊ သီရိလင်္ကာနိုင်ငံ အစိုးရက အမေရိကန်ဒေါ်လာ၂၅၀၀၀၊ Mr. Masataka Shiratori, Governor, Rotary International District 2790 က အမေရိကန် ဒေါ်လာ ၇၅၀၀နှင့် သီရိလင်္ကာ ကြက်ခြေနီအဖွဲ့က ယူရိုငွေ ၄၀၀၀တို့ ဖြစ်သည်။

ယမန်နေ့က လက်ခံရရှိသည့်အလှူငွေစုစုပေါင်းမှာ ငွေကျပ်၁၄၇၅၀၀၊ အမေရိကန် ဒေါ်လာ ၇၂၅၀၀နှင့် ယူရိုငွေ ၄၀၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးမိုးကုတ်ရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဇွန် ၂၂

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့၂၁လမ်း ဘူတာတောင်ရပ်ကွက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၂၇)၏ (၉၈)ကြိမ်မြောက် ခုနစ်ရက် အထူးတရားစခန်းပွဲကြီးကို နယုန်လပြည့်ကျော် ၁၄ ရက်မှ ဝါဆိုလဆန်း ၅ရက်(ဇူလိုင် ၁ရက်မှ ၇ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကိုစံပြ၊ငဖဲ ဆရာတော်ဦးဣန္ဒက က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဉပနိသ္သယ အတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ဘိုကလေးဈေးလမ်းနေ နှစ်ဖက်သော မိဘများအားအမှူးထား၍ ဦးယဉ်ဇော်မျိုး-ဒေါ်စပယ်မြင့်တို့က ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် လေးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

သူတို့သိသွားကြလေပြီ

၁၇-၆-၂၀၀၈ ရက်နေ့ International Herald Tribune သတင်းစာဝက်ဘ်ဆိုက်တွင် "မြန်မာနိုင်ငံမှာ အံ့သြဖွယ်ကောင်းစွာ နာလန်ထလာလေပြီ" (In Myanmar, surprising recovery)ဟူသော ခေါင်းစဉ်ဖြင့် သတင်းဆောင်းပါးတစ်ပုဒ် ဖတ်လိုက်ရသည်။

အဆိုပါသတင်း၌ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ခဲ့ပြီး ရက်သတ္တခြောက်ပတ်ခန့်အကြာ၌ မုန်တိုင်းဒဏ်သင့်ခဲ့သည့် ဒေသများသို့သွားရောက်ကုသကူညီခဲ့ကြသည့် ဆရာဝန်များနှင့် နိုင်ငံတကာ ပရဟိတအဖွဲ့များမှ ဝန်ထမ်းများ ပြန်လာကြသောအခါ အခြေအနေမှာ ထင်သလောက် မဆိုးလှသည့်အကြောင်း ထုတ်ဖော်ဝန်ခံခဲ့ကြမှုများကို ရေးသားထားသည်။

နာဂစ်မုန်တိုင်းနှင့်ပတ်သက်၍ အနောက်အုပ်စု မီဒီယာများက မြန်မာအစိုးရအပေါ် စွပ်စွဲချက်အမျိုးမျိုးတင်၍ ပုတ်ခတ်ရေးသားခဲ့ကြသည်။ အနောက်နိုင်ငံကြီးအချို့မှ ထိပ်တန်းတာဝန်ရှိသူ အရာရှိကြီးများ ကိုယ်တိုင်ကလည်း အလားတူစွပ်စွဲ ပြစ်တင်ဝေဖန်ခဲ့ကြသည်။

သူတို့ စွပ်စွဲပြစ်တင်နေခဲ့ကြသည့် အဓိကအချက်ကြီး နှစ်ချက်ရှိသည်။ ပထမအချက်မှာ မုန်တိုင်းပြီးလျှင်ပြီးချင်း နိုင်ငံခြားအကူအညီ(နိုင်ငံခြားစစ်သင်္ဘော)များကို ဝင်ခွင့်မပြုခဲ့သည့်အတွက် အချိန်မီကယ်တင်ခြင်းမပြုနိုင်သောကြောင့် လူပေါင်း ထောင်သောင်းချီ၍ သေဆုံးခဲ့ကြရသည်ဟူသော စွပ်စွဲချက်ဖြစ်သည်။

ဒုတိယအချက်မှာ မြန်မာအစိုးရသည် လေဘေးသင့်ပြည်သူများ၏ ဆင်းရဲဒုက္ခရောက်မှုများကို ဂရုမစိုက်၊ ကောင်းစွာထောက်ပံ့ကျွေးမွေးပြုစုကုသခြင်းမရှိသောကြောင့် ဒုက္ခသည်ပေါင်း သန်းနှင့်ချီ၍ ငတ်သေကြရတော့မည်။ မသန့်ရှင်းသောရေများကို သောက်သုံးကြရသောကြောင့် ကာလဝမ်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကပ်များဆိုက်ကာ လူထောင်သောင်းချီ၍ သေဆုံးကြရတော့မည်ဟူသော စွပ်စွဲချက်ဖြစ်သည်။

အဆိုပါ စွပ်စွဲချက်များ မဟုတ်မှန်ကြောင်း မြန်မာအစိုးရက ရှင်းလင်းဖော်ပြသောအခါ သတင်းများကို လုပ်ကြံလိမ်ညာဖန်တီးသည်၊ အမှန်သတင်းများကို အမှောင်ချထားသည်ဟု စွပ်စွဲရေးသားကြပြန်သည်။

သို့သော် ရန်ကုန်မှပေးပို့ခဲ့သည့် ယခုသတင်း ဆောင်းပါး၌မူ အထက်ပါ စွပ်စွဲချက်များ မမှန်ကြောင်းကို မျက်မြင်ကိုယ်တွေ့ လေ့လာသိရှိခဲ့သည့် နိုင်ငံခြားသားများကိုယ်တိုင်က ပြောကြားခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတကာအကူအညီများ ဝင်ရောက်နိုင်မှု နှောင့်နှေးကြန့်ကြာနေခြင်းကြောင့် အမြောက်အမြားသေဆုံးခဲ့ကြသည်ဟု မိမိ မယုံကြည်၊ မယူဆတော့ပါဟု ပြောကြားခဲ့သူမှာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးယာယီတာဝန်ခံ Shari Villarosa ကိုယ်တိုင်ပင်ဖြစ်ပါ၏။ သူ၏စကားလုံးအတိအကျအတိုင်း တင်ပြရသော် "I'm not getting the sense that there have been alot of deaths as a result of the delay."ဟူ၍ ဖြစ်ပါသည်။

ဤအဆိုအရသော် အမေရိကန်ကာကွယ်ရေးဝန်ကြီးက မြန်မာအစိုးရသည် နိုင်ငံတကာအကူအညီများကို လက်ခံရန်နှောင့်နှေးမှုကြောင့် အသက်ပေါင်းထောင်သောင်းချီ၍ တန်ဖိုးပေးဆပ်ခဲ့ရသယောင်ယောင်(at the cost of tens of thousand of lives)ဟူ၍ ပြောဆိုခဲ့ပြီး ယင်းအတွက် မြန်မာအစိုးရကို "လျစ်လျူရှုထားမှုဖြင့် ရာဇဝတ်မှုကျူးလွန်ခဲ့သည်"(Crime of neglect)ဟု စွပ်စွဲပြစ်တင်ခဲ့ခြင်းမှာ တစ်ဖက်သတ်အစွဲဖြင့် အခြေအမြစ်မခိုင်လုံသည့် သတင်းများကိုအခြေပြုပြီး မလျော်မကန် စွပ်စွဲခဲ့ရာ မကျပါလေသလော။

ကူညီကယ်ဆယ်မည့်သူများနှင့် မတွေ့ဆုံရမီ လေဘေးသင့်ဒုက္ခသည်များ စားနပ်ရိက္ခာပြတ်လပ်၍ သေဆုံးကြရခြင်းမရှိသည်မှာ ၎င်းတို့ကိုယ်တိုင်က ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသော တောင်သူလယ်သမားများ၊ ရေလုပ်သားများဖြစ်၍ အုန်းသီးခွဲစားခြင်း၊ ငါးဖမ်းစားခြင်း၊ ကျန်ရှိနေသော ရေစိုဆန်များကို ချက်စားခြင်းတို့ဖြင့် ရှင်သန်ရပ်တည်နိုင်ခဲ့ကြကြောင်း ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များက ပြောကြားခဲ့ကြသည်ဟု သတင်းကဆိုသည်။

မိုးဦးကျ ငါးရစ်တက်ချိန်တွင် မြစ်ရေ၊ ကွင်းရေတိုးသည့်ကာလများ၌ ဝေးဝေးလံလံသွားစရာမလိုဘဲ အိမ်ကြမ်းပေါက်မှ ငါးမျှား၍ရလောက်အောင် စားနပ်ရိက္ခာပေါလှသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအကြောင်းကို သိထားသည့်အလျောက် 'နိုင်ငံတကာမှပေးသည့် ချောကလက်များ မစားရလျှင်လည်း ဧရာဝတီသားတို့ ရှင်သန်နိုင်ပါသည်'ဟု ဆောင်းပါးတစ်ပုဒ်၌ရေးခဲ့ရာတွင် အနောက်အုပ်စုမီဒီယာများနှင့် အထူးသဖြင့် လက်ဝေခံ မြန်မာလူမျိုးမီဒီယာဝန်ထမ်းများက 'ကြက်တူရွေးထက် မယ်ဘော်ကကဲ'ကာ သည်းသည်းလှုပ်မျှ ဩဘာပေးခဲ့ကြသည်ကို ပြန်သတိရမိပါ၏။ ယခု နိုင်ငံတကာဆရာဝန်များနှင့် သံတမန်များကိုယ်တိုင်က ဒုက္ခသည်များ ငါးဖမ်းစားခြင်းဖြင့် ရှင်သန်ရပ်တည်နိုင်ခဲ့ကြပါသည်ဟု လက်ခံပြောကြားလာကြသည်ကိုရော သူတို့က ဘာများပြောလိုကြသေးသည်ကို သိချင်လှပါ၏။

မြန်မာတို့၏ ခံနိုင်ရည်အပေါ် နိုင်ငံခြားသားများက အတော်ပင်အံ့သြကြသည်ကိုလည်း အဆိုပါသတင်း၌တွေ့ရသည်။ မုန်တိုင်းဒဏ်ကြောင့် သိန်းနှင့်ချီ၍ သေဆုံး၊ ပျောက်ဆုံးခဲ့ရသော်ငြား ရှင်သန်ကျန်ရစ်သူများမှာ ကြီးကြီးမားမားဒဏ်ရာအနာတရနှင့် စိုးရိမ်ရလောက်အောင် မကျန်းမာမှုမျိုး မရှိလှကြောင်း၊ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့(Medecins Sans Frontieres)မှ မြန်မာနိုင်ငံဆိုင်ရာအဖွဲ့ခေါင်းဆောင် Frank Smithuis ကဆိုသည်။ "သူတို့က မုန်တိုင်းကြောင့် သေရင်လည်းသေ၊ မသေရင်လည်းဘာမှမဖြစ်တဲ့အတိုင်း 'အိုကေ' ဆိုတဲ့ပုံမျိုးပဲဗျ" (You were dead or you were in O.K Shape) ဟု သူကဆိုကြောင်း ဖတ်ရှုရသည်။

ကြီးကြီးမားမား ခွဲစိတ်ကုသစရာရှိသည့် လူနာများမှာလည်း မုန်တိုင်းပြီးစကပင် ဒေသန္တရဆေးရုံ၊ ဆေးခန်းများမှ မြန်မာအစိုးရဆရာဝန်များက ကုသပေးပြီးဖြစ်၍ ဗြိတိန်နိုင်ငံမှ လာရောက်ကူညီကုသပေးနေသည့် Merlin စေတနာ့ဝန်ထမ်းကျန်းမာရေးအဖွဲ့က ခွဲစိတ်ကုဆရာဝန်အဖွဲ့များ ခေါ်ယူမည့် အစီအစဉ်ကိုပင် မလိုတော့၍ ဖျက်သိမ်းလိုက်သည်ဟုဆိုသည်။

ကူးစက်ရောဂါ ပြန့်ပွားမည့်အန္တရာယ်နှင့်ပတ်သက်၍လည်း နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က ရက်သတ္တခြောက်ပတ်အတွင်း လူနာသုံးသောင်းခန့်ကို ဆေးကုသပေးခဲ့သည့် မှတ်တမ်းအရ သာမန်ထိခိုက်ရှနာမှုများ၊ နှာစေးချောင်းဆိုး၊ အသက်ရှူလမ်းကြောင်းရောဂါနှင့် သာမန်ဝမ်းပျက်သည့် ရောဂါများဖြစ်ပြီး နှာစေးချောင်းဆိုးနှင့် ဝမ်းပျက်ရောဂါများမှာ စိုးရိမ်ရသည့်အခြေအနေမရှိဘဲ မြစ်ဝကျွန်းပေါ်ဒေသ၌ ဖြစ်လေ့ဖြစ်ထရှိသည့် သာမန်နှုန်းခန့်သာဖြစ်သည်ဟုဆိုသည်။ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့၌ အမှုထမ်းနေသည့် မြန်မာဆရာဝန် ဒေါက်တာမြတ်မြတ်ဝင်းက သူ၏ဆေးခန်းတွင် ၂၅ရက်အတွင်း တစ်ရက်လျှင်ပျမ်းမျှလူနာ ၂၅ဦးခန့်သာ ကုသပေးခဲ့ရပြီး ဝမ်းပျက်ဝမ်းလျှောရောဂါမှာလည်း စိုးရိမ်ရလောက်အောင် ကူးစက်ပြန့်ပွားနေခြင်းမျိုး မရှိပါဟုဆိုသည်။

ဤနေရာတွင် မြန်မာအစိုးရက ဘာမျှလုပ်မပေး၍ ဒုက္ခသည်များ ကျန်းမာရေးအခြေအနေ ဆိုးရွားနေပြီဟု အော်ဟစ်စွပ်စွဲနေမှုများနှင့်ပတ်သက်၍ မြန်မာဆရာဝန်များ၊ ဆေးဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းများကသာ စောစောစီးစီးလာသမျှ လူနာတို့ကို နေ့မအား၊ ညမနား မကုသပေးခဲ့ဟုဆိုလျှင်

လှိုင်အောင်

Merlin အဖွဲ့က ခွဲစိတ်ကုဆရာဝန်များမလိုတော့ဟု အစီအစဉ်ဖျက်လိုက်ရန်လိုပါတော့မည်လောဟု တွေးမိသည်။ မြန်မာအစိုးရကျန်းမာရေးဝန်ထမ်းများက ဝမ်းရောဂါ ကာကွယ်ဆေးထိုးပေးခြင်း၊ ရေသန့်ဆေးပြား၊ ဆေးရည်များခတ်ပေးခြင်းများ ကြိုကြိုတင်တင်မပြုခဲ့လျှင် နယ်ခြားမဲ့ဆရာဝန်များထံ ဝမ်းပျက်ဝမ်းလျှောရောဂါ ဝေဒနာရှင်များစုပြုံ၍ ရောက်မလာဘဲ ရှိပါမည်လောဟု စဉ်းစားစရာဖြစ်သည်။

သတင်းဆောင်းပါးတစ်ခုလုံးကို ခြုံ၍ဖတ်ရှုမိသောအခါ အခြားသောဒေသတွင်း သဘာဝဘေး ဆိုက်ရောက်သည့်နိုင်ငံများကဲ့သို့ နိုင်ငံခြားအကူအညီများများ စားစားမပါဘဲ မြန်မာတို့ ဤမျှမြန်မြန်ဆန်ဆန် လေဘေးဒဏ်မှပြန်၍ နာလန် ထူလာသည်ကို လက်တွေ့မျက်မြင်လာရောက်ကူညီနေကြသည့် နိုင်ငံတကာမှ ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များက အံ့သြနေကြခြင်းဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့်လည်း သတင်းဆောင်းပါး၏ ခေါင်းစဉ်ကိုပင် "အံ့သြဖွယ်ရာနာလန်ထမှု" ဟု တပ်ခဲ့ခြင်းဖြစ်ပုံရသည်။

စင်စစ်၌ ထိုသူတို့ အံ့သြကြသည်ဆိုခြင်းမှာ အံ့သြစရာတော့မဟုတ်ပါ။ ထိုသို့အံ့သြခြင်း၏ အဓိကအကြောင်းရင်းမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ(အထူးသဖြင့် အနောက်နိုင်ငံများ)က သူတို့၏ အကူအညီဝင်မပါဘဲနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူများသည် ဘာမျှလည်းမလုပ်တတ်၊ ဘာမျှလည်းမလုပ်နိုင်ဟု ထင်နေတတ်ကြသည့် အစွဲကြောင့်ပင်ဖြစ်ပါ၏။

လက်တွေ့၌ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှာ သူတို့ထင်မြင်ယူဆထားခဲ့ကြသလောက် မဆိုးလှပါ။ နာဂစ်မုန်တိုင်းမဝင်လာမီကပင် မြန်မာနိုင်ငံ၌ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့အစည်းများနှင့် လူသားအရင်းအမြစ်အဖြစ် ယင်းအဖွဲ့များ၏ မြန်မာဝန်ထမ်းများ အသင့်အတင့်ရှိထားပြီးဖြစ်ပါ၏။ ဥပမာ- နယ်ခြားမဲ့ဆရာဝန်များအဖွဲ့ဆိုလျှင် မြန်မာနိုင်ငံ၌ ၁၉၉၃ခုနှစ်ကပင်စတင် ရောက်ရှိနေခဲ့ပြီး မြန်မာဝန်ထမ်းပေါင်း၁၀၀၀ကျော် ရှိပြီးဖြစ်သည်ဟုဆိုသည်။ ဗြိတိသျှ Merlin ဆေးအဖွဲ့မှာလည်း မြစ်ဝကျွန်းပေါ် အနောက်ပိုင်းဒေသတွင် နာဂစ်မဝင်မီ နှစ်နှစ်ကပင် ကျန်းမာရေးလုပ်သား၅၄၇ဦးကို လေ့ကျင့်သင်တန်းပေးထားပြီး ဖြစ်သည်ဟုဆို၏။

ထို့ကြောင့် မုန်တိုင်းဘေးနှင့်ကြုံလာသောအခါ နယ်ခြားမဲ့ဆရာဝန်များအဖွဲ့က မြန်မာဆရာဝန်၄၈ဦးနှင့် ကယ်ဆယ်ရေးဝန်ထမ်း၂၅၀ကျော်ကို လေဘေးသင့်ဒေသသို့ စေလွှတ်နိုင်ခဲ့သည်။ Merlin အဖွဲ့မှ လေ့ကျင့်ပေးထားသော ကျန်းမာရေးလုပ်သားများအနက်မှ ထက်ဝက်ခန့်သည်လည်း ကျန်းမာရေးလုပ်ငန်းများတွင် အထောက်အကူပေးနိုင်ခဲ့သည်ဟုဆိုသည်။

ဆေးနှင့် ထောက်ပံ့ရေးပစ္စည်းများနှင့် ပတ်သက်၍လည်း UNICEF အဖွဲ့က ရန်ကုန်တွင် ယခင်ကပင် ရေသန့်ဆေးပြားများနှင့် အခြားဆေးဝါးပစ္စည်းများ ကြိုတင် သိုလှောင်ထားနိုင်ခဲ့သဖြင့် မုန်တိုင်းပြီးလျှင်ပြီးချင်း ပို့ဆောင်ကူညီနိုင်ခဲ့သည်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(WFP) ကလည်း မြန်မာနိုင်ငံတွင် အခြေချထားပြီးသားဖြစ်၍ ပြည်တွင်းမှဆန်များကို ဝယ်ယူပြီး ရိက္ခာများအလျင်အမြန် ဖြန့်ဖြူးပေးနိုင်ခဲ့ရာ စားနပ်ရိက္ခာတန်ချိန် ၁၅၀၀၀ခန့်အထိ ဖြန့်ဖြူးပေးနိုင်ခဲ့သည်ဟုဆိုသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ရောက်ရှိနေပြီးဖြစ်သည့် နိုင်ငံတကာအဖွဲ့အစည်းများသည် နိုင်ငံခြားသားဝန်ထမ်း များများစားစား မပါရှိဘဲနှင့်ပင် အရည်အချင်းရှိသော မြန်မာဝန်ထမ်းများဖြင့် ကယ်ဆယ်ကူညီရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာတို့ မြန်မြန်ဆန်ဆန် နာလန်ပြန်ထူလာခြင်း၏ နောက်ထပ်အဓိကအကြောင်းရင်းတစ်ခုမှာ ပြည်တွင်းအင်အားပင်ဖြစ်၏။ ပြည်တွင်းအင်အားနှင့်ပတ်သက်၍ စေတနာသဒ္ဒါတရားထက်သန်လှသော ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ အင်တိုက်အားတိုက် ကူညီလှူဒါန်းမှုများကို နိုင်ငံခြားသံတမန်များကပင် အံ့သြချီးကျူးကြရသည်။ "ဒေသန္တရအဖွဲ့အစည်းတွေ၊ ဆေးအဖွဲ့တွေ၊ တချို့လုပ်ငန်းရှင်တွေရဲ့ စွမ်းဆောင်မှုကတော့ တကယ့်ကိုချီးကျူးစရာပါပဲ၊ ကူညီကယ်ဆယ်ရေးမှာ တကယ့်သူရဲကောင်းတွေပါပဲ"ဟု ပြောလာသူက ဗြိတိသျှသံရုံးမှ ဒုတိယအတွင်းဝန် Ruth Bradley Jones ဖြစ်၏။

သို့သော် အနောက်တိုင်းမီဒီယာတို့၏ မကြေညာသော်လည်း လိုက်နာကြရမြဲ စည်းမျဉ်း Undeclared rule အတိုင်း ဤသတင်းဆောင်းပါးတွင် မြန်မာအစိုးရကိုတော့ တစ်ချက်ကလေးမျှ အကောင်းဘက်မှ ရေးသားချက် မတွေ့ရပါ။

မည်သို့ပင်ဖြစ်စေ၊ မုန်တိုင်းတိုက်ခတ်ခဲ့သည့် မေလ၃ရက်နေ့တွင်ပင် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အနီးကပ်လာရောက်ကြီးကြပ်ပြီး လေဘေးသင့်မြို့နယ်တစ်ခုလျှင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးတစ်ဦး အခြေပြုကာ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းအသီးသီးနှင့် လူမှုရေးအဖွဲ့အစည်းများ အင်အား သောင်း၊ သိန်းချီ၍ နေ့မအား၊ ညမနား ကြိုးပမ်းခဲ့ကြမှု၊ နိုင်ငံတော်အကြီးအကဲနှင့် ဒုတိယအကြီးအကဲတို့ကိုယ်တိုင် ကွင်းဆင်းကြပ်မတ်လမ်းညွှန်မှုတို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဤမျှ မြန်မြန်ဆန်ဆန် တိုးတက်အောင်မြင် လာခဲ့သည်မှာ ပကတိအရှိတရားဖြစ်ရပ်မှန်တစ်ခုပင်။

ထို့အတူ **နိုင်ငံတော်မှ ဒုက္ခသည်များအတွက် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးကုသမှု၊ သယ်ယူပို့ဆောင်ရေး၊ ဘဝပြန်လည်ထူထောင်ရေးအတွက် ဓား၊ ပေါက်ပြား၊ စောင်၊ ဖျာ၊ နေစရာတဲမှအစ မျိုးစပါး၊ ငါးဖမ်းပိုက်၊ ငါးဖမ်းလှေ၊ ဓာတ်မြေဩဇာ၊ လယ်ထွန်စက်၊ ကျွဲ၊ နွားစသော လိုအပ်ချက်များအဆုံး၊ နောက်တစ်ဖန် လေဘေးကြုံလျှင် ဘေးဒုက္ခမရောက်ကြရလေအောင် တာတမံ၊ ရေလွှတ်ကုန်းမြင့်နှင့် အသက်ကယ်တာလမ်းများမှအစ အောက်ခြေသိမ်း ကျယ်ကျယ်ပြန့်ပြန့်၊ ကျပ်ငွေသန်းထောင်ပေါင်းများစွာ အကုန်အကျခံ ဆောင်ရွက်ပေးနေသည့် စေတနာမှာလည်း အတည့်ကြည့်လျှင် အရှိအတိုင်း မြင်ကြမည်သာဖြစ်ပါ၏။**

လေဘေးသင့်ဒေသများသို့ ကိုယ်တိုင်ရောက်ရှိခဲ့ကြသည့်နိုင်ငံတကာမှ ဆရာဝန်များ၊ ကယ်ဆယ်ရေးဝန်ထမ်းများနှင့် သံတမန်များကတော့ "Seeing is believing"မျက်မြင်ဒိဋ္ဌ တွေ့မြင်ရ၍ အခြေအနေမှန်ကို သိရှိယုံကြည် လက်ခံသွားကြလေပြီ။

"နာဂစ်မုန်တိုင်းထက် ဆိုးတဲ့အရာကတော့ သတင်းအမှောင်ချထားတဲ့ အန္တရာယ်ပဲ"ဟု ပြောဆိုခဲ့သည့် ပြည်ပမီဒီယာများမှ မြန်မာအချို့အတွက်မူ အရှိတရား၊ အမှန်တရားကို မုသာဝါဒအမည်းရောင်ဆိုးကာ သူတစ်ပါးကိုလည်း ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံဖန်တီးရင်း မိမိတို့စိတ်နှလုံးကိုလည်း ဒေါသ၊ အာဃာတတို့ဖြင့် အကောင်းမမြင်နိုင်အောင် အမှောင်ဖုံးထားခြင်းကြောင့် "ကျား..ကျား..မီးယပ်"ဟု ခေါင်းမာစွာ စွဲကိုင်နေကြပါက အမှန်တရားနှင့် ဝေးသထက်ဝေးနေကြပေဦးတော့မည်။ ။

နိုင်ငံတော်မှ ဒုက္ခသည်များအတွက် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးကုသမှု၊ သယ်ယူပို့ဆောင်ရေး၊ ဘဝပြန်လည်ထူထောင်ရေး အတွက် ဓား၊ ပေါက်ပြား၊ စောင်၊ ဖျာ၊ နေစရာတဲမှအစ မျိုးစပါး၊ ငါးဖမ်းပိုက်၊ ငါးဖမ်းလှေ၊ ဓာတ်မြေဩဇာ၊ လယ်ထွန်စက်၊ ကျွဲ၊ နွားစသော လိုအပ်ချက်များအဆုံး၊ နောက်တစ်ဖန် လေဘေးကြုံလျှင် ဘေးဒုက္ခမရောက်ကြရလေအောင် တာတမံ၊ ရေလွှတ်ကုန်းမြင့်နှင့် အသက်ကယ်တာလမ်းများမှအစ အောက်ခြေသိမ်း ကျယ်ကျယ်ပြန့်ပြန့်၊ ကျပ်ငွေသန်းထောင်ပေါင်းများစွာ အကုန်အကျခံဆောင်ရွက်ပေးနေသည့် စေတနာမှာလည်း အတည့်ကြည့်လျှင် အရှိအတိုင်း မြင်ကြမည်သာဖြစ်ပါ၏။

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး/လေအခြေအနေ

နယူးယောက် ဇွန် ၂၂

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ဇွန် ၂၂ရက်က ထုတ်ပြန်ခဲ့သော မြို့ကြီးအချို့၏ ရာသီဥတုအခြေအနေကို အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည် -

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၃˚C	တိမ်ထူထပ်
ဂျပန်	တိုကျို	၂၅˚C	မိုးရွာ
ထိုင်း	ဗန်ကောက်	၃၃˚C	လေပြင်းတိုက်၊မိုးရွာ
ဩစတြေးလျ	ဆစ်ဒနီ	၁၈˚C	တိမ်ထူထပ်၊လေပြင်းတိုက်
ပါကစ္စတန်	ကရာချိ	၃၅˚C	တိမ်ထူထပ်၊လေပြင်းတိုက်
အီဂျစ်	ကိုင်ရို	၃၇˚C	သာယာ
ရုရှား	မော်စကို	၂၁˚C	မိုးရွာ
ဂျာမနီ	ဖရန့်ဖွတ်	၂၈˚C	မိုးရွာ
ပြင်သစ်	ပါရီ	၂၃˚C	မိုးရွာ
ဗြိတိန်	လန်ဒန်	၁၉˚C	တိမ်ထူထပ်၊မိုးရွာ
အမေရိကန်	နယူးယောက်	၂၈˚C	တိမ်ထူထပ်၊မိုးရွာ

(အင်တာနက်)

ခြိမ်းခြောက်ခံရမှုကြောင့် အစ္စရေးတွင် စိုးရိမ်ပူပန်ခွင့်ရှိ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း အိုဘားမားပြောကြား

ဝါရှင်တန် ဇွန် ၂၂

အီရန်နိုင်ငံ၏ လွန်ကဲစွာခြိမ်းခြောက်မှုခံရသည့် အစ္စရေးနိုင်ငံအနေဖြင့် ယင်း၏လုံခြုံမှုအတွက် စီစဉ်ခြင်းမှာ တရားမျှတကြောင်း အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီသမ္မတလောင်း ယှဉ်ပြိုင်အရွေးခံရမည့် အိုဘားမားက ပြောကြားလိုက်သည်။

ဖြစ်ကောင်းဖြစ်နိုင်

အစ္စရေးနိုင်ငံက ယခုလအတွင်း စစ်ရေးလေ့ကျင့်မှုပြုလုပ်ကြောင်း၊ယင်းမှာ အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို ဗုံးကြဲ တိုက်ခိုက်ရန်အတွက် အစမ်းလေ့ကျင့်မှု ဖြစ်ကောင်းဖြစ်နိုင်သည်ဟု အမေရိကန် အရာရှိများ၏ ပြောကြားချက်ကို နယူးယောက်တိုင်း(မ်)သတင်းစာတွင်ကိုးကားဖော်ပြပြီးနောက် အိုဘားမားက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

အိုဘားမားသည် နိုဝင်ဘာလဆန်း အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရီပတ်ဘလီကင်ပါတီ သမ္မတလောင်း ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်မည့်သူ ဖြစ်သည်။

သဘောထား

အစ္စရေးနိုင်ငံအနေဖြင့် ထိုသို့စစ်ရေးလေ့ကျင့်ခွင့် ရှိမရှိကို အိုဘားမားအား ဖလော်ရီဒါပြည်နယ် ဂျက်ဆန်ဗီးလ်၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ မေးခွန်းထုတ်သဖြင့်လည်း အိုဘားမားက ၎င်း၏သဘောထားကို ပြောကြားခြင်းဖြစ်သည်။

ခက်ခဲ

တကယ့်ဖြစ်ရပ်မှန် အသေးစိတ်မသိဘဲ မည်သို့လုပ်၍မည်သို့ဖြစ်သင့်သည်ဆိုသည်ကိုမူ ဝေဖန်ပြောကြားရန် ခက်ခဲကြောင်း၊ သို့သော် အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်စ်က အစ္စရေးဆန့်ကျင်ရေး ဝေဖန်ပြောကြားချက်များ၊ ဟစ်ဇ်ဘိုလာနှင့်ဟားမတ်စ်အုပ်စုတို့ကို အီရန်က အားပေးထောက်ခံမှုများနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်ခွင့် ရှိကြောင်း အိုဘားမားက ထည့်သွင်းပြောကြားလိုက်သည်။ **(အင်တာနက်)**

ပညာရေး၊သုတေသနနှင့် နည်းပညာကဏ္ဍများဖွံ့ဖြိုးရန် ရေနံမှအမြတ်ငွေများကိုရင်းနှီးမြှုပ်နှံမှု ပြုလုပ်သွားမည်ဟု ဘရာဇီးသမ္မတ ပြောကြား

ရီယိုဒီဂျနေရိုး ဇွန် ၂၂

ဘရာဇီးနိုင်ငံ အရှေ့တောင်ပိုင်းကမ်းလွန်တွင် ရေနံသိုက်များမှရရှိသော အမြတ်ငွေများကို ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဘရာဇီးသမ္မတ လူးဇ်အီနာစီရိုလူလာ ဒါဆေးလ်ဗားက ဇွန်၂၁ရက်၌ ပြောကြားသည်။

သုံးစွဲ

ရေနံမှရရှိသော အမြတ်ငွေများကို ဘရာဇီးနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ အပါအဝင် သုတေသန၊နည်းပညာနှင့်အခြားတည်ဆောက်ပြုပြင်မှုများ၌ သုံးစွဲသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရေနံတွင်းသစ်

ဘရာဇီးနိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပက်ထရိုဘားစ်အနေဖြင့် နိုင်ငံတကာစွမ်းအင် လုပ်ငန်းများနှင့် ပေါင်းစပ် ဖြန့်ကြက်ထားသော လုပ်ငန်းများမှ အမြတ်ငွေများကိုလည်း ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ထို့အတူ နိုင်ငံအတွင်း ထပ်မံတွေ့ရှိသည့်ရေနံတွင်းသစ်များကိုလည်း အဆင့်မီစွာထုတ်ယူရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရှာဖွေတွေ့ရှိ

ပက်ထရိုဘားရေနံလုပ်ငန်းသည် ပြီးခဲ့သည့်လအနည်းငယ်က ဘရာဇီးကမ်းလွန်တွင် ရေနံသိုက်အသစ်များကို ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာရှနှင့်ဥရောပ ပူးပေါင်းဆောင်ရွက်ရေး တရုတ်နိုင်ငံ တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိ

ပေကျင်း ဇွန် ၂၂

အာရှ-ဥရောပ ပူးပေါင်းဆောင်ရွက်ရေးတွင် တရုတ်နိုင်ငံသည် အခိုင်အမာရပ်တည်တိုက်တွန်းသည့် နိုင်ငံဖြစ်သည့်အပြင် တက်ကြွစွာပါဝင်ဆောင်ရွက်သည့် နိုင်ငံလည်းဖြစ်ကြောင်း တရုတ်ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်(အင်ပီစီ)အမြဲတမ်းကော်မတီဥက္ကဋ္ဌ ဝူဘန်ဂူက ဇွန် ၁၉ရက်တွင် ပြောကြားလိုက်သည်။

အရေးပါ

နှစ်ဖက် အကျိုးတူကိစ္စများနှင့်အညီ အာရှနှင့် ဥရောပ ပူးပေါင်းဆောင်ရွက်ရေးပုံစံသစ် ဖွံ့ဖြိုးခိုင်မာနက်ရှိုင်းရေးအတွက် ယခုအခါ အာရှတိုက်အတွက်ရော ဥရောပတိုက်အတွက်ပါ အရေးပါသည့် အဆင့်သို့ ရောက်ရှိနေကြောင်း မစ္စတာဝူက ထည့်သွင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

ပဉ္စမအကြိမ်မြောက် အာရှ-ဥရောပပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေး(အေအက်စ်အီးပီ)သို့ တက်ရောက်သည့် ကိုယ်စားလှယ်အဖွဲ့များ၏ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် မစ္စတာဝူက အထက်ပါအတိုင်းပြောကြားလိုက်ခြင်းဖြစ်သည်။

ချစ်ကြည်ရင်းနှီးစွာ

တရုတ်နိုင်ငံကငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေးမူငါးချက်အပေါ် အခြေခံပြီး အာရှနှင့်ဥရောပမှ နိုင်ငံအားလုံးနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံသွားလိုကြောင်း၊ ရိုမေးနီးယား၊ ဘူဂေးရီးယား၊ အိန္ဒိယ၊ပါကစ္စတန်နှင့် မွန်ဂိုလီးယား အပါအဝင် အေအက်စ်အီးပီ အဖွဲ့ဝင်သစ်များကို ကြိုဆိုကြောင်း မစ္စတာဝူက ဆက်လက် ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အမေရိကန်မှ အမဲသား တောင်ကိုရီးယားအစိုးရဝယ်ယူမှု သမ္မတ၏ထိပ်တန်းအရာရှိများ ရာထူးဖယ်ရှားခံရ

ဆိုးလ် ဇွန် ၂၂

တောင်ကိုရီးယားနိုင်ငံက အမဲသား တင်သွင်းမှုကိစ္စနှင့်ပတ်သက်၍ ပြည်သူတို့ကန့်ကွက် မကျေနပ်မှုဖြစ်ပေါ်ခဲ့ပြီးနောက် တောင်ကိုရီးယားသမ္မတ အီမြောင်ဘက်က ၎င်း၏လက်ထောက်ခုနစ်ဦးကို ရာထူးမှ ဖယ်ရှားလိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ အမေရိကန်မှ အမဲသားတင်သွင်းမှုအား ပြည်သူများက ကန့်ကွက်ဆန္ဒပြနေသည်ကို ဇွန် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ယခုကဲ့သို့ သူ့လက်ထောက်များအား အစားထိုးတာဝန်ပေးရန် ဆုံးဖြတ်ရခြင်းမှာ သူ့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တာဝန်များကို အသစ် စတင်လုပ်ကိုင်ရန်ရည်ရွယ်ကြောင်း သမ္မတအီမြောင်ဘက်က ရှင်းပြသည်။

အမေရိကန်မှ အမဲသားများ ပြန်သွင်းရန် ဆုံးဖြတ်သည့်အတွက် သမ္မတ အီမြောင်ဘက် အစိုးရသစ် အပေါ် ထောက်ခံမှုကျဆင်းသွားသည်။

ပျက်ကွက်

အမေရိကန်မှ အမဲသားတင်သွင်းရန်သဘောတူခြင်းမှာ နွားရူးရောဂါမှ ပြည်သူများကို ကာကွယ်ပေးရန် ပျက်ကွက်ခြင်းပင်ဖြစ်သည်ဟု ကန့်ကွက်သူများက ပြောကြားသည်။ **(အင်တာနက်)**

ဥရောပသမဂ္ဂ၏ဆုံးဖြတ်ချက် ကြောင်သူတော်လုပ်ရပ်ဟု ကတ်စထရိုဝေဖန်

ဟာဗားနား ဇွန် ၂၂

ကျူးဘားနိုင်ငံအပေါ် အရေးယူပိတ်ပင်မှုများကို ရုပ်သိမ်းရန် ဥရောပသမဂ္ဂ (အီးယူ)က ဆုံးဖြတ်ခြင်းမှာ ကြောင်သူတော်လုပ်ခြင်းသာဖြစ်ကြောင်း ကျူးဘားသမ္မတဟောင်း ဖီဒယ်ကတ်စထရိုက ဝေဖန်ပြောကြားလိုက်သည်။

ဝေဖန်ထောက်ပြ

တရားမဝင် လာရောက်အခြေချသူများကို ထောင်ဒဏ် ၁၈လအထိ ချမှတ်နိုင်သည့်ဥပဒေကို အီးယူက အတည်ပြုပြီးနောက် ရက်ပိုင်းအတွင်းတွင် ယခုကဲ့သို့ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း အသက် ၈၁နှစ်ရှိ ကျူးဘားခေါင်းဆောင် ဖီဒယ်ကတ်စထရိုက ဝေဖန်ထောက်ပြလိုက်သည်။

ပကတိအတိုင်း

ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ အရေးယူပိတ်ပင်မှုများမှာ လက်ရာမပျက် ပကတိအတိုင်းပင် ဆယ်စုနှစ်များနှင့်ချီ၍ ရှိနေဆဲပင်ဖြစ်သည်။ (အင်တာနက်)

ပျက်စီး

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အကြမ်းဖက်သမားများ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို ဇွန် ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အစ္စရေးနှင့် တိုက်ရိုက်ဆွေးနွေးရန် လက်ဘနွန်ပယ်ချ

ဘေရွတ် ဇွန် ၂၂

အိမ်နီးချင်း အစ္စရေးက ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကျင်းပရန် တောင်းဆိုမှုကို လက်ဘနွန်အစိုးရက ဇွန်၂၁ရက်တွင် ပယ်ချလိုက်သည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့အကြား ငြိမ်းချမ်းမှု ရရှိနိုင်မည်မဟုတ်ကြောင်း၊ အပြန်အလှန်ဆက်ဆံရေးလည်း တိုးမြှင့်ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း လက်ဘနွန်ဝန်ကြီးချုပ်က ပြောကြားသည်။

အစ္စရေးတို့ ၁၉၆၇ ခုနှစ်က လက်ဘနွန်နိုင်ငံ၏ အစိတ်အပိုင်းအချို့ကို သိမ်းပိုက်ခဲ့သည်။ လက်ဘနွန်တို့က အဆိုပါကိစ္စများကို ရှင်းလင်းစွာ ဆောင်ရွက်မှုများ ဦးစွာပြုလုပ်စေလိုသည်။ အစ္စရေးတို့ ၁၉၆၇ခုနှစ်က ဆီးရီးယားတို့၏ ဂိုလန်ကုန်းမြင့်ဒေသကိုလည်း သိမ်းပိုက်ခဲ့သည်။

လက်ဘနွန်သမ္မတ မိုက်ကယ်ဆူလေမန်က အစ္စရေးတို့သိမ်းပိုက်ထားသော နယ်မြေ အစိတ်အပိုင်းများနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြထားသည်။

(အင်တာနက်)

23-6 (04).pmd 1 6/23/2008, 1:41 AM

ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ

မြန်မာ့အလင်း ၂၂-၆-၂၀၀၈

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် မော်တော်ကားများ ယခုနှစ်အတွင်း ပိုမိုရောင်းချနိုင်မည်

ခရီးသည်တင်ကားများ လိုအပ်ချက် မြင့်တက်လာမှုကြောင့် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် ကားရောင်းအားမှာ ယခုနှစ်အတွင်း ၁၅ရာခိုင်နှုန်း မြင့်တက်လာပြီး ကားစီးရေ ၁၀သန်း ရောင်းချနိုင်မည်ဟု မျှော်မှန်းထားကြောင်း တရုတ်မော်တော်ကား ထုတ်လုပ်ရောင်းချရေးအဖွဲ့က ပြောကြားသည်။

ယခုနှစ် ပထမ ငါးလအတွင်း မော်တော်ကားစီးရေ ၄ဒသမ ၃သန်းရောင်းချနိုင်ခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ၁၇ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်၌ ကျားဆွဲခံရ၍ သုံးဦးသေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့အနောက်တောင်ဘက် ဆတ်ခ်ဟီရာ ပြည်နယ်တွင် ကျားကိုက်ခံရ၍ အမျိုးသမီးတစ်ဦးအပါအဝင် သုံးဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဆန်ဒါဘန်တောအုပ်အတွင်းမှ ကျားတစ်ကောင်သည် ညဘက်၌ ရွာအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ရှေးဦးစွာ လူတစ်ဦးကို ကိုက်သတ်ခဲ့ကြောင်း၊ ယင်းနောက် နေအိမ်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ရာ နှစ်ဦးမှာ ကျားဆွဲခံရပြီး ခဏအကြာတွင် သေဆုံးသွားခဲ့သည်။

စင်ကာပူ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး စီမံချက် စတင်ဆောင်ရွက်

ယခုနှစ်အတွင်း စင်ကာပူရှိ လမ်းမကြီးများပေါ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှု ကင်းရှင်းရေး စီမံချက်ကို ဇွန် ၂၂ရက်မှ စတင်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်ဖြစ်ကြောင်း နယူးအာရှ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ယခုစီမံချက်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်သူများ၊ စက်ဘီးစီးသူများနှင့် အသက်အရွယ်ကြီးသည့် ခြေကျင်လျှောက်သူများအတွက် အဓိကရည်ရွယ်ကြောင်း၊ ပြီးခဲ့သည့် နှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၂၁၄ဦးတွင် ၎င်းတို့မှာ ထက်ဝက်ခန့်ပါဝင်ကြောင်း ပြည်သူ့စောင့်ရှောက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးဖြင့် နှစ်ဦးသေဆုံး

အင်ဒိုနီးရှားနိုင်ငံ၌ မကြာမီရက်ပိုင်းက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား၍ အမျိုးသမီး နှစ်ဦးသေဆုံးခဲ့ကြောင်း ဇွန်၁၉ရက်၌ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါအမျိုးသမီးနှစ်ဦးမှာ ဂျကာတာမြို့မှ ၁၅နှစ်အရွယ် မိန်းကလေးနှင့် တန်ဂါရန်မြို့မှ ၃၅နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ပြီး အင်ဒိုနီးရှား၌ ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသူ ၁၁၀ရှိသွားပြီဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

သူတို့ အတွေးနှင့်အမြင်

✽ *Before beginning, prepare carefully.*

အလုပ်တစ်ခုမစတင်မီ သေချာစွာ ကြိုတင်ပြင်ဆင်ပါ။

စစ်စီရို
(ရောမလူမျိုး စာရေးဆရာ)

✽ *Passion for fame; a passion which is the instinct of all great souls.*

ထင်ပေါ်ကျော်ကြားလိုသော ဆန္ဒသည် လူသားအားလုံး၏သဘာဝစိတ်ထားပင် ဖြစ်သည်။

အက်ဒမန်ဘတ်စ်
(အိုင်ယာလန်လူမျိုးစာရေးဆရာ)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဟာသအမောပြေ

ကုသလိုက်ပုံက . . .

ဆရာဝန်တစ်ဦးထံသို့ လူနာတစ်ဦးရောက်ရှိလာပြီး ၎င်းခံစားနေရသည့် ဝေဒနာများအား ပြောပြလေသည်။

လူနာ ။ ။ ဒေါက်တာ… ကူညီပါဦး။ ကျွန်တော့်တစ်ကိုယ်လုံး ဘယ်နေရာထိထိ အရမ်းနာနေတယ်။

ဒေါက်တာ ။ ။ ခံစားရတဲ့ ဝေဒနာကို သေသေချာချာ ပြောပြပါဦး။ ဘာမှစိတ်မပူပါနဲ့။

လူနာ ။ ။ ကျွန်တော့်ပခုံးကို လက်နဲ့ထိရင် အရမ်းနာတယ်။ ဒူးခေါင်းကို ထိရင်လဲ အရမ်းနာတယ်။ နောက်ဆုံး ခေါင်းကိုလက်နဲ့ထိရင်တောင် မခံနိုင်အောင် အရမ်းနာတယ်ဆရာ။

ဒေါက်တာ ။ ။ ဟုတ်ပြီ… ခင်ဗျား ခံစားနေရတဲ့ ဝေဒနာကို ကျွန်တော်သိပြီ။

လူနာ ။ ။ ကျွန်တော် ဘာဖြစ်တာလဲ ဒေါက်တာ။

ဒေါက်တာ ။ ။ အဲဒါ ခင်ဗျားရဲ့ လက်ချောင်းတွေ ကျိုးနေလို့ဖြစ်တာ။ လက်တွေကို ပတ်တီးစည်းပေးလိုက်ပါ့မယ်။

လူနာ ။ ။ ''ခင်ဗျာ''

အင်တာနက်ကျန်းမာရေး

ရေနွေးကြမ်း ပုံမှန်သောက်သုံးလျှင် အရေပြားကင်ဆာ ကာကွယ်နိုင်

ရေနွေးကြမ်း(ဝဲပုံ) သောက်ခြင်းကြောင့် ကျန်းမာရေးကို အထောက်အကူပြုစေသည့် အချက်များ ထပ်မံတွေ့ရှိရကြောင်း၊ ယင်းမှာ ရေနွေးကြမ်းအား နေ့စဉ်ပုံမှန် သောက်သုံးခြင်းဖြင့် ကိုယ်အလေးချိန် ကျဆင်းစေခြင်းဖြစ်ကြောင်း ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။

ရေနွေးကြမ်းတွင် ပါဝင်သော ဓာတ်များက ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများနေမှုကို လျော့ကျစေသည့်အပြင် အရေပြားကင်ဆာ ဖြစ်ပွားမှုကိုလည်း အကာအကွယ်ပေးနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ ထို့အပြင် ရေနွေးကြမ်း သောက်ခြင်းကြောင့် သွေးသန့်စင်မှု ဖြစ်စေပြီး သွေးချိုရောဂါဖြစ်ပွားမှုလည်း လျော့နည်းစေကြောင်း သိရသည်။

ရေနွေးကြမ်းနေ့စဉ် သောက်သုံးသူ ၁၉၀၀၀၀ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ ၎င်းတို့သည် အရေပြားကင်ဆာဖြစ်ပွားမှု၊ သွေးချိုနှင့် ဆီးချိုရောဂါတို့ ၉၀ရာခိုင်နှုန်း မဖြစ်ပွားကြကြောင်း တွေ့ရှိရသည်ဟု ဗြိတိသျှသုတေသနပညာရှင်များက ပြောကြားသည်။ ထို့အပြင် အဆိုပါ ရေနွေးကြမ်း သောက်သုံးသူများ၏ ၉၅ရာခိုင်နှုန်းမှာလည်း အဝလွန်မှုဖြစ်ပွားခြင်းနည်းပါးကြကြောင်း လေ့လာတွေ့ရှိရသည်ဟုဆိုသည်။

မော်ရီတေးနီးယားနိုင်ငံဆိုသည်မှာ . . . .

သတင်းအက်ဆေး

မော်ရီတေးနီးယား အစ္စလာမ္မစ်သမ္မတနိုင်ငံသည် အာဖရိကတိုက်အနောက်မြောက်ဒေသတွင် တည်ရှိသည်။ အာဖရိကတိုက်မှ နောက်အကျဆုံးရေနံထွက်သည့် ဤနိုင်ငံမှာ အာရပ်မာဂရက်ဘ်နှင့် အာဖရိက ဆာဟာရအောက်ဘက် အနောက်ပိုင်းတို့ကို ဆက်စပ်ပေးသည့် နိုင်ငံဖြစ်သည်။

ရွှေ့ပြောင်းနေထိုင်

သဲကန္တာရ အများအားဖြင့်ဖုံးလွှမ်းသည့် ဤနိုင်ငံသည် မြောက်ပိုင်းမှ အာရပ်ဘာဘာ လူမျိုးနှင့်တောင်ပိုင်းမှ လူမည်းအာဖရိက တိုက်သားများတို့၏ မတူကွဲပြားသော ယဉ်ကျေးမှုနှစ်ရပ် ထွန်းကားသည့် နိုင်ငံဖြစ်သည်။ ပြည်သူအများစုမှာ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်သည်။

နေရာယူ

ခရစ်သက္ကရာဇ် ၃ရာစုနှင့် ၇ရာစုအတွင်းက လက်ရှိမော်ရီတေးနီးယား၌ အခြေချနေထိုင်သူများ၏ နေရာကို ဘာဘာနှင့် အာရပ်ပြောင်းရွှေ့လာသူများကအစားဝင်နေရာယူသည်။ ၉ရာစုနှင့်၁၀ရာစုအတွင်း ဂါနာအင်ပါယာ၏ မြို့တော်မှာ လက်ရှိ မော်ရီတေးနီးယား အနောက်တောင်ပိုင်းတွင် ရှိသည်။

၁၀၇၆ ခုနှစ်တွင် ဘာဘာအယ်မိုရာဗစ် စစ်သည်ရဲမက်များက ဂါနာအင်ပါယာကိုအောင်နိုင်သည်။ ၁၆၄၄-၇၄ မော်ရီတေးနီးယား နှစ်ပေါင်း ၃၀ စစ်ပွဲ ဖြစ်ပွားသည်။ ဘာဘာတို့က အာရပ်စစ်သည်ရဲမက်များကိုတွန်းလှန်ရာ၌ မအောင်မြင်ခဲ့ပေ။ ၁၈၅၀-၆၀ ပြည့်နှစ်များတွင် ပြင်သစ်တပ်များက မော်ရီတေးနီးယား တောင်ပိုင်းကို ထိန်းချုပ်သည်။ ၁၉၀၄ ခုနှစ်တွင် မော်ရီတေးနီးယားမှာ ပြင်သစ်ကိုလိုနီဖြစ်လာသည်။ ၁၉၂၀ ပြည့်နှစ်တွင် မော်ရီတေးနီးယားသည် ပြင်သစ်အနောက် အာဖရိက၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ၁၉၄၆ခုနှစ်တွင် ပြင်သစ်ပင်လယ်ရပ်ခြား နယ်မြေဖြစ်လာသည်။ ၁၉၅၇ ခုနှစ်တွင် နောက်ချောက်ကို မြို့တော်အဖြစ် ထူထောင်ခဲ့သည်။

ဝင်ရောက်

၁၉၅၈ခုနှစ်တွင် မော်ရီတေးနီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်။ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ၂၈ရက်တွင် လွတ်လပ်ရေးရသည်။ ၁၉၇၃ခုနှစ်တွင် မော်ရီတေးနီးယား အာရပ်အဖွဲ့သည် (အေအယ်)သို့ ဝင်ရောက်သည်။

၁၉၇၆ခုနှစ်တွင် စပိန်တို့ရုပ်သိမ်းသွားပြီးနောက် မော်ရီတေးနီးယားနှင့် မော်ရိုကိုနိုင်ငံတို့က ယခုအခါအနောက်ဆာဟာရဟုခေါ်သည့် စပိန်ဆာဟာရကို ခွဲလိုက်ကြသည်။ နယ်မြေအတွင်း လွတ်လပ်သည့် နိုင်ငံထူထောင်ရေး ရည်ရွယ်လျက် ပိုလီဆာရီယိုတပ်သို့ ပြောက်ကျားများက နှစ်နိုင်ငံစလုံး၏ တပ်များကို တိုက်ခိုက်သည်။

စွန့်လွှတ်

၁၉၇၈ခုနှစ်တွင် လွတ်လပ်ရေးရပြီးနောက် ပထမဆုံးသော သမ္မတ မော့တာဒါဒါကို စစ်တပ်က အာဏာသိမ်းသည်။ ၁၉၇၉ခုနှစ်တွင် မော်ရီတေးနီးယားနိုင်ငံက ပိုလီဆာရီယိုတပ်ဦးနှင့် ငြိမ်းချမ်းရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး အနောက်ပိုင်း ဆာဟာရတောင်းဆိုမှုကိုလည်း စွန့်လွှတ်လိုက်သည်။

အဆက်ဖြတ်

၁၉၈၁ခုနှစ်တွင်အာဏာသိမ်းရန် ကြံစည်မှုဖြစ်ပွားသည်။ မော်ရိုကိုနိုင်ငံပါဝင်ပတ်သက်သည်ဟု စွပ်စွဲပြီးနောက် မော်ရီတေးနီးယားနိုင်ငံက မော်ရိုကိုနိုင်ငံကို အဆက်ဖြတ်လိုက်သည်။

၁၉၈၄ခုနှစ်တွင် အာဏာသိမ်းမှု ပေါ်ပေါက်ပြီး ဗိုလ်မှူးကြီး အူဆစ်အာမက်တာယာ အာဏာရလာသည်။ ၁၉၉၂ခုနှစ် သမ္မတ ရွေးကောက်ပွဲ၊ ၁၉၉၇ ခုနှစ် သမ္မတ ရွေးကောက်ပွဲ၊ ၂၀၀၃ခုနှစ် နိုဝင်ဘာသမ္မတ ရွေးကောက်ပွဲတို့တွင် တာယာ ပြန်လည်အရွေးခံခဲ့ရသည်။

၂၀၀၃ခုနှစ်တွင် အာဏာသိမ်းရန် ကြိုးပမ်းမှု ဖြစ်ပွားသည်။ သူပုန်တပ်သားများနှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပြီးနောက် သမ္မတတာယာအား သစ္စာခံသည့်တပ်များက မြို့တော်ကို ပြန်လည်ထိန်းချုပ်နိုင်သည်။ ၂၀၀၄ ခုနှစ် စက်တင်ဘာတွင် ၁၅လအတွင်း သုံးကြိမ်မြောက် အာဏာသိမ်းရန် ကြိုးပမ်းမှုကို ဖယ်ရှားနိုင်ကြောင်း အစိုးရက ကြေညာသည်။ ထိုနှစ် အောက်တိုဘာလ အာဏာသိမ်းရန် ကြိုးပမ်းမှုတွင် လစ်ဗျားနှင့် ဘူကီနာဖာဆိုနိုင်ငံတို့က ငွေကြေးထောက်ပံ့သည်ဟု အစိုးရက စွပ်စွဲသည်။

၂၀၀၇ခုနှစ် မတ်လ သမ္မတရွေးကောက်ပွဲတွင် ဆီဒီချိတ်အဗ္ဗဒါလာဟီ သမ္မတဖြစ်လာခဲ့သည်။

၂၀၀၅ခုနှစ်က အာဏာသိမ်းပြီးနောက် ထုတ်ပယ်လိုက်သည့် အာဖရိကသမဂ္ဂက မော်ရီတေးနီးယားနိုင်ငံကို ၂၀၀၇ခုနှစ် ဧပြီလတွင် ဖြန့်ကြက်လက်ခံသည်။ ၂၀၀၈ခုနှစ် မေလတွင် သဘောထား ပျော့ပြောင်းသည့် အစ္စလာမ္မစ်အတိုက်အခံပါတီဝင်များက ပထမဆုံးအကြိမ်အဖြစ် အစိုးရအဖွဲ့တွင် ပါဝင်သည်။

ဤနိုင်ငံ၌ အာဏာသိမ်းမှု၊ အာဏာသိမ်းရန် ကြိုးပမ်းမှုအကြိမ်ပေါင်း ၁၀ကြိမ်အထိ လွတ်လပ်ရေး အပြီးကြုံခဲ့ရသည်။ ကမ္ဘာ့အဆင်းရဲဆုံး တစ်နိုင်ငံဖြစ်သည့် ဤနိုင်ငံ ကမ်းလွန်သဘာဝရေနံနှင့် ဓာတ်ငွေ့တွေ့ရှိမှုကြောင့် အနာဂတ်တွင် ချမ်းသာကြွယ်ဝမည့် မျှော်လင့်ချက်အပြည့် ရှိနေပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး–ရေးသားသည်

သဲကန္တာရအများအားဖြင့် ဖုံးလွှမ်းသည့် ဤနိုင်ငံသည် မြောက်ပိုင်းမှ အာရပ်ဘာဘာ လူမျိုးနှင့် တောင်ပိုင်းမှ လူမည်းအာဖရိက တိုက်သားများတို့၏ မတူကွဲပြားသော ယဉ်ကျေးမှု နှစ်ရပ် ထွန်းကားသည့် နိုင်ငံဖြစ်။ ပြည်သူအများစုမှာ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်သူများ ဖြစ်။

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာများ မူလလုပ်ငန်းများ ပုံမှန်လုပ်ကိုင်လည်ပတ်နေ

သတင်းခရီးသည်-မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု-ထိန်လင်း

မော်လမြိုင်ကျွန်း ဇွန် ၂၂

မော်လမြိုင်ကျွန်း မြို့နယ်ကားမြစ်၊ ချောင်းပေါများသည်။ မည်သည့်နေရာသွားသွား ရေလမ်းခရီးချည်းသာဖြစ်သည်။ ယခုလည်း သတင်းအဖွဲ့ လေဘောဒဏ်ခံရသည့် ကျေးရွာများသို့ ခရီးထွက်သည့်အခါ စက်လှေကိုသာ အားကိုးခဲ့ရသည်။



သင်ဖြူးဖျာ ရက်တဲ့အလုပ်ကို တစ်ရွာလုံး ပုံမှန်ပြန်လုပ်နေပါတယ်။
ဒေါ်ငွေး
(ကွဲခြိဝကျေးရွာ)

ငါးသလောက်ပိုက် ပြန်ချနေပါပြီ။
ဦးစိန်နိုင်
ရေလုပ်သား
(ဘိုးတီလွတ်ကျေးရွာ)

လယ်ယာလုပ်ငန်းဝင်

ရေလမ်းခရီးနှင်နေစဉ် မြစ်ကမ်းနံဘေး ဝဲယာ၌ တာပေါ်လင်စ မိုးထားသော နေအိမ်များ၊ သွပ်အသစ်များ မိုးထားသည့် အိမ်များနှင့် ကျေးရွာများကို လှမ်းတွေ့ရသည်။ နံနက် ၈နာရီခန့်ရှိသဖြင့် မြစ်ကမ်း ဝဲယာ၌ ကျွဲ၊နွားများဖြင့် လယ်ယာလုပ်ငန်းခွင်ဝင်နေသူများနှင့် လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေသူများကိုလည်း လှမ်းမြင်ခဲ့သည်။

မော်လမြိုင်ကျွန်းမြို့နယ် ဘိုးတီလွတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြန်လည်တည်ဆောက်ထားသည်ကို တွေ့ရစဉ်။

ရောက်ရှိ

လေဘောဒဏ် ဆိုးရွားစွာခံရသည့် ဘိုးတီလွတ်ရွာကို နံနက်၁၀နာရီခန့်၌ ရောက်ရှိသည်။ ချောင်းလက်တက် တစ်ခုအတွင်း နေအိမ်များတည်ဆောက်ကာ နေထိုင်သည့်ရွာဖြစ်သည်။ စက်လှေကမ်းကပ်ပြီး တက်လိုက်သည်နှင့် ဘိုးတီလွတ် အမကကျောင်းကို တွေ့ရသည်။ လေဘောကြောင့် စာသင်ကျောင်း ပြိုကျပျက်စီးသွားသော်လည်း တာပေါ်လင်စများ မိုးပြီး တည်ဆောက်ထားသော အလျား ပေ ၆၀နှင့် အနံပေ ၂၀ကျယ်သော စာသင်ကျောင်းဖြစ်သည်။ ကျောင်းအတွင်း စာသင်နေကြသော ကျောင်းသူ ကျောင်းသားလေးများ၏ စာအံသံများက ကျောင်းအပြင်သို့ လျှံထွက်လျက်ရှိသည်။ ဘိုးတီလွတ်ရွာအတွင်း အိမ်အားလုံး ပြန်လည်တည်ဆောက်ပြီးနေသည်ကို တွေ့ရသည်။ ရွာလမ်း၌ တွေ့ရသည့် တောင်သူလယ်သမားတစ်ဦးကို ခေတ္တရပ်ပြီး မေးမြန်းရာ **“ကျွန်တော့်နာမည် ကျော်သန်းပါ။ အခုနိုင်ငံတော်က မျိုးစပါးတွေ ပေးနေလို့ ပျိုးခင်းထောင်ထားပြီးပါပြီ။ ကျွန်တော့်အနေနဲ့ ကျွန်တော်ပိုင် လယ်ဧကအားလုံး စိုက်ပျိုးသွားမှာပါ။ တချို့လယ်ကွက်တွေက ကြဲခင်း၊ တချို့စိုက်ခင်းတွေအဖြစ်နဲ့ ထွန်ယက်စိုက်ပျိုးသွားမှာပါ”** ဟု ပြောကြားသည်။ ဘိုးတီလွတ်ကျေးရွာ အပြင်ဘက်တွင် ကျွဲများဖြင့် ထွန်ယက်နေကြသည့် တောင်သူလယ်သမားအချို့ကို လှမ်းမြင်ရသည်။

ပုံမှန်ဖြစ်နေ

ထို့နောက် စက်လှေဆိပ်သို့ ပြန်ဆင်းလာရာ စက်လှေဆိပ်၌ ရေလုပ်သားတစ်ဦးကို တွေ့၍ မေးမြန်းကြည့်ရာ **“ဘိုးတီလွတ်ရွာသားပါ။ ဦးစိန်နိုင်လို့ ခေါ်ပါတယ်။ လေဘောဒဏ်ကြောင့် အိမ်ပြိုသွားပေမယ့် အခုပြန်ဆောက်ပြီးပါပြီ။ ကျွန်တော်က ငါးသလောက်ပိုက်ချတဲ့ ရေလုပ်သားဖြစ်ပါတယ်။ ငါးသလောက်ပိုက်တွေ ပျက်စီးခဲ့ပေမယ့် အခုတော့ လုပ်ငန်းပြန်စနေပါပြီ။ ငါးသလောက် ဖမ်းဆီးရမှုက ပုံမှန်ပြန်ဖြစ်နေပါပြီ”** ဟု ဖြေကြားသည်။

ထွန်ယက်ပြီး ပြန်တော့မလို့ပါ။
ကိုဝင်းညွန့်
လယ်သမား
(ထိယာလိကျေးရွာ)

ဘိုးတီလွတ်ရွာတွင် ရေလုပ်သား ၃၀ခန့်ရှိပြီး ငါးသလောက်ပိုက်ချသည့်သူများဖြစ်သည်။ ယခုအချိန်၌ဘိုးတီလွတ်ရွာရှိ ရေလုပ်သားအားလုံး လုပ်ငန်းများ ပြန်လုပ်နေကြပြီ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဘိုးတီလွတ်ရွာမှနေ၍ စက်လှေဖြင့် ထိယာလိရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ **မြစ်ကြောင်း တစ်လျှောက် သင်္ဘောများ၊ စက်လှေများ၊ လက်ခတ်လှေများ အဆက်မပြတ် စုန်၊ ဆန် သွားလာနေကြသည်ကို တွေ့ရ** သည်။ ခရီးသည်တင် စက်လှေများနှင့် ကုန်တင်စက်လှေများကိုလည်း မြင်တွေ့ရသည်။ **မော်လမြိုင်ကျွန်း မြို့နယ်သားတို့ကား သဘာဝလေဘောဒဏ် ကြုံတွေ့ခံစားခဲ့ရသော်လည်း အားမာန်တင်းလျက် ချက်ချင်း ရုန်းထနိုင်သူများပင်ဖြစ်သည်။**

ခရီးသည်တင် စက်လှေများနှင့် ကုန်တင်စက်လှေများ မြစ်ကြောင်းတစ်လျှောက် သွားလာနေကြသည်ကို တွေ့ရစဉ်။

တစ်နာရီကျော်ကြာ စက်လှေစီးရပြီးနောက် ထိယာလိရွာ ကမ်းခြေသို့ ဆိုက်လေသည်။ မြစ်ကမ်းအနီး လယ်ထွန်ပြီး နွားများကို ဖြုတ်သိမ်းနေသည့် လယ်သမား တစ်ဦးကိုမေးမြန်းရာ **“ကျွန်တော့်နာမည်ကိုဝင်းညွန့်ပါ။ နိုင်ငံတော်ကပေးတဲ့ မျိုးစပါးရလို့ ပျိုးထောင်ပြီးပါပြီ။ အခုပျိုးကြဲပြီး စိုက်ဖို့အတွက် ထွန်ယက်ပြီး ပြန်တော့မလို့ပါ။ ပျိုးပင်တွေလဲ အောင်ပါတယ်။ ဒီနှစ်စိုက်ပျိုးချိန်နည်းနည်း နောက်ကျတာက လွဲပြီး ကျွန်တော်တို့ မှန်းဆထားသလောက် စိုက်ပျိုးရတာမဆိုးပါဘူး။ မြေဩဇာတွေ ပေးမယ်လို့လဲ သိရတယ်”** ဟု ဖြေကြားသည်။

မြစ်ကြောင်း တစ်လျှောက် သင်္ဘောများ၊ စက်လှေများ၊ လက်ခတ်လှေများ အဆက်မပြတ် စုန်၊ဆန်သွားလာနေကြသည်ကို တွေ့ရ။

မော်လမြိုင်ကျွန်းမြို့နယ်သားတို့ကား သဘာဝ လေဘောဒဏ်ကြုံတွေ့ခံစားခဲ့ရသော်လည်း အားမာန်တင်းလျက် ချက်ချင်းရုန်းထနိုင်သူများပင်ဖြစ်။

ထိယာလိရွာအတွင်း ပြုပြင်တည်ဆောက်ပြီး နေအိမ်များမှာ အရင်အတိုင်း ပြန်လည် စည်ကားနေသည်ကို တွေ့ရသည်။ ရွာသားအများစုမှာ လယ်ယာလုပ်ကိုင်ကြသူများဖြစ်၍ ရွာပတ်ဝန်းကျင်တွင် လယ်ကွင်းစိမ်းစိမ်းများကို တွေ့ရသည်။ ရွာအတွင်း လိုက်လံကြည့်ရှုရာ တစ်နေရာ၌ မျိုးစပါးများနေလှမ်းထားရာမှ ရုပ်သိမ်းနေသည်ကိုတွေ့၍ မေးကြည့်ရာ **“မျိုးစပါးတွေ နေရောင်ပြနေတာပါ။ မနက်ဖြန်မှာ ကြဲခင်းတွေစပြီး စိုက်ပျိုးဖို့ ပြင်ဆင်နေပါတယ်။ အခုဆိုရင် လယ်ယာသုံး ကိရိယာတွေအဖြစ် ပေါက်တူးတွေကအစ အခမဲ့ပေးထားတာမို့ အခက်အခဲတော့သိပ်မရှိပါဘူး။ ရာသီဥတုမှန်နေပါစေလို့ပဲ ဆုတောင်းနေရတယ်”** ဟု ဒေါ်သန်းရင်အမည်ရှိ အမျိုးသမီးကြီးက ရှင်းပြသည်။

ကွဲခြိဝရွာ

ထိယာလိမှတစ်ဆင့် စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မြစ်အတွင်း လူးလာတုံ့ခေါက် မောင်းနှင်သွားလာနေကြသော စက်လှေများကို မနည်းရှောင်တိမ်းရသည်။ လေနည်းနည်းထန်လာသဖြင့် စက်လှေကို ကမ်းနားကပ်မောင်းနှင်နေရာမှ စက်လှေတုန့်ကန်ရပ်သွားသဖြင့် ကြည့်လိုက်ရာ ရွာတစ်ရွာ ရောက်နေသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ကွဲခြိဝရွာဟု ခေါ်ကြောင်း သိရသည်။ ရွာဆိပ်ကမ်း၌တွေ့ရသည့် အမျိုးသမီးကြီး တစ်ဦးကို မေးကြည့်ရာ **“ဒေါ်ငွေးလို့ ခေါ်ပါတယ်။ ကျွန်မက သင်ဖြူးဖျာရက်လုပ်တာပါ။ ဒီရွာမှာတော့ သင်ဖြူးဖျာရက်တဲ့သူ အတော်လေးများပါတယ်။ လေဘောဒဏ်ခံရလို့ အိမ်တွေပျက်စီးခဲ့ပေမယ့် အခုအိမ်တွေပြန်မိုးထားပြီးပါပြီ။ သင်ဖြူးဖျာရက်တဲ့ အလုပ်လဲ တစ်ရွာလုံး ပုံမှန်ပြန်လုပ် နေကြပါတယ်”** ဟု ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း လုပ်ငန်းစုံ လုပ်ကိုင်နေသူများအားလုံး ပုံမှန်လုပ်ငန်းခွင်ဝင်လျက်ရှိနေပါကြောင်း သတင်းခရီး ကွင်းဆင်းလေ့လာရေးသား လိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့ ကျေးရွာများတွင် ဒေသခံလယ်သမားများက လယ်မြေများကို စက်ကိရိယာ၊ ကျွဲ၊ နွားများဖြင့် ထွန်ယက်နေကြသည်ကို ဤသို့ တွေ့ရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း ထိရောက်ထက်မြက်ရေး သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အလေးထားဆောင်ရွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ အကျိုးရှိစွာအသုံးချ

ရန်ကုန် ဇွန် ၂၂

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)သို့ ရောက်ရှိ၍ မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား ပြင်ဆင်မွမ်းမံပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြကြသည်။

လိုက်လံကြည့်ရှု

ဆက်လက်၍ ဝန်ကြီးသည်မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ မုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးမှုများအား ပြင်ဆင်မွမ်းမံပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

တက်ရောက်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် မြန်မာနိုင်ငံဘဏ်များအသင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဘဏ်များအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။ အဆိုပါတွေ့ဆုံရာသို့ ဒုတိယဝန်ကြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလေးထားဆောင်ရွက်

ယင်းသို့ တွေ့ဆုံရာ ဝန်ကြီးက နိုင်ငံတော်တွင် ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းစွာ ရရှိနေပြီဖြစ်သဖြင့် စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသူအားလုံးက အလေးထားကြိုးပမ်းကြရန်၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခန်းကဏ္ဍသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန် ပိုမိုမြင့်မားလာစေရန် အရေးပါသောကဏ္ဍတစ်ခုဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုအရှိန်လျော့ကျမသွားစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများ ထိရောက် ထက်မြက်ရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အလေးထားဆောင်ရွက်ကြရန်နှင့် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများကို အကျိုးရှိစွာ အသုံးချသွားရန် ပြောကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်လမ်း မာလာလမ်းသွယ်အမှတ်-၆၁၇/၃နေ နှစ်ဖက်သောဘိုးဘိုး-ဘွားဘွားများနှင့် ဖခင် ဦးထွန်းထွန်းလှိုင်-မိခင်ဒေါ်ခင်မေဦး၊ သား သားကြီး မောင်ဇေယျာလှိုင် ခြောက်နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၂ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကကျောင်း ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနသို့ ငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့်ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ဒေါ်ခင်မေစိုး၊ ဒေါ်ကြည်ကြည်မြ၊ ဒေါ်ငွေငွေနှင့် ဒေါ်ပိုပိုကြည်တို့သည် ယမန်နေ့မွန်းလွဲ၁နာရီက ဗဟန်းမြို့နယ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၌ လေမုန်တိုင်းဒဏ်ကြောင့် မိဘများဆုံးရှုံးသွားသဖြင့်ပြုစုထားသည့် ကလေးငယ်သုံးဦးအား နွေးထွေးစွာတွေ့ဆုံ၍ အဆိုပါကလေးများအတွက် လိုအပ်သောထောက်ပံ့ရေးပစ္စည်းများ၊ စားစရာများနှင့် ကစားစရာအရုပ်များ လှူဒါန်းခဲ့သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနရှိ ကလေး၄၆ဦးအတွက် နို့မှုန့်၊အိုဗာတင်း၊ စားစရာမုန့်များ၊ အဝတ်အထည်များနှင့် အလှူငွေကျပ်ငါးသောင်းကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်ခင်မာလေးက လက်ခံယူကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၀၈ (တနင်္လာနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	'ဒါနဘာကြောင့်ပြုရသလဲ' တရားတော် [ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)]
၇:၅၅-၁:၅၅	မြန်မာ့ခြင်းလုံး
၈:၀၅-၂:၀၅	တေးဂီတအစီအစဉ်
၈:၁၀-၂:၁၀	MRTV-4 ကျန်းမာရေးကဏ္ဍ [ဒေါက်တာအောင်မြတ်သွင် (မေ့ဆေးပါမောက္ခ) နှင့်တွေ့ဆုံခြင်း] (ဒုတိယပိုင်း)
၈:၄၀-၂:၄၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေး အရသာ
၉:၁၀-၃:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀-၃:၂၀	တေးဂီတအစီအစဉ်
၉:၂၅-၃:၂၅	ရှေ့သို့ရည်မှန်း မြန်မာ့စက်မှုလုပ်ငန်း (Fujiဆပ်ပြာစက်ရုံ)
၁၀:၀၀-၄:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၅-၄:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀-၄:၁၀	Say it in English
၁၀:၂၅-၄:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	Movie Mistakes (Casino Royale)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	နတ်လူသာခုခေါ်စေသော်ဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
၁၁:၂၅-၅:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀-၅:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅-၅:၃၅	Fashion Guide (ကျန်းမာလှပ လက်ချောင်းအလှ)
၁၁:၅၀-၅:၅၀	တေးဂီတအစီအစဉ်
၁၁:၅၅-၅:၅၅	Multitude of Market Forms
၁၂:၄၀-၆:၄၀	VJ Choice
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းကျင်းပ

နေပြည်တော် ဇွန် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကို ယမန်နေ့ နံနက် ၉နာရီမှ မွန်းလွဲ ၁နာရီအထိ နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)၌ ကျင်းပသည်။ (အောက်ပုံ)

အဆိုပါ ပိုစတာပြိုင်ပွဲသို့ ကမ္ဘာ့ ဥက္ကဋ္ဌ ပြည်သူ့အင်အားဦးစီးဌာန ကော်မတီဝင်များ၊ တာဝန်ရှိသူများ လူဦးရေနေ့ ကျင်းပရေးကော်မတီ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မြင့်နှင့် လာရောက်ကြည့်ရှု အားပေးကြသည်။

ပါဝင်ယှဉ်ပြိုင်

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ၏ ဆောင်ပုဒ်မှာ IT's A RIGHT, LET's MAKE ITREAL မိသားစုဘဝသာယာရေး မျိုးဆက်ပွားကျန်းမာရေး လက်တွေ့ဖော်ဆောင်ပေးဖြစ်ပြီး ပြိုင်ပွဲတွင် အသက်ခြောက်နှစ်မှ ရှစ်နှစ်အထိ၊ အသက်ကိုးနှစ်မှ ၁၂နှစ်အထိ၊ အသက်၁၃နှစ်မှ ၁၅နှစ်အထိ၊ အသက် ၁၆နှစ်မှ ၁၈နှစ်အထိ အုပ်စုအဆင့်များခွဲ၍ ပြိုင်ပွဲကို ကျင်းပရာ နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်းမြို့နယ်တို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၃၃ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပိုစတာပြိုင်ပွဲကို ပြည်နယ်နှင့်တိုင်းများရှိ သတ်မှတ်နေရာအသီးသီး၌ တစ်ပြိုင်တည်းကျင်းပကြောင်း သိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါပုံမြို့နယ်ရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၁၉ရက်က အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားစဉ်။ (မြို့နယ် ပြန်/ဆက်)

ဖြူးမဟာစည် သိမ်တော်အလှူ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ် (သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ပြည်တွင်းပြည်ပ မဟာစည်နာယက) သီတင်းသုံးတော်မူသော ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ဖြူးမဟာစည် သာသနဝုဓိကာရီ သိမ်တော်မြတ်ကြီးကို တည်ဆောက်လျက်ရှိရာ ကုသိုလ် ပါဝင်လိုသူများအနေဖြင့် ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၀၁၈၄၆ (လိုင်းခွဲ-၁၈၁)နှင့်၀၉-၅၀-၁၇၅၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

● *ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မင်္ဂလာဒုံစက်မှုဇုန်တည်နေရာနှင့် အကျယ်အဝန်း၊ မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံများနှင့် စက်ရုံအလိုက် ရင်းနှီးမြှုပ်နှံထားမှုများ၊ စက်ရုံအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မင်္ဂလာဒုံစက်မှုဇုန်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က မင်္ဂလာဒုံစက်မှုဇုန်ရှိ စက်ရုံများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အရည်အသွေး

ထို့နောက် Myanmar Asia Optical International Co., Ltd. ဒါရိုက်တာ Mr. Wiseman Hsu က ကုမ္ပဏီစတင်ဖွဲ့စည်းတည်ထောင်ခဲ့မှု၊ မှန်ဘီလူးအမျိုးမျိုးထုတ်လုပ်သည့် ကုမ္ပဏီ၏စက်ရုံကို တည်ဆောက်ပြီးနောက် ၂၀၀၄ခုနှစ် ဇူလိုင် ၁ရက်မှစတင်၍ မှန်ဘီလူးအမျိုးမျိုး စတင်ထုတ်လုပ်ခဲ့မှု၊ Lens၊ Lens Units Assembling၊ Plastic Lens and Plastic Parts များ အဓိကထုတ်လုပ်မှု၊ ဝန်ထမ်းအင်အား၊ ဝန်ထမ်းများလုပ်ငန်းအလိုက် အရည်အသွေးမြင့်မားရေးအတွက် သင်တန်းပို့ချပေးမှုများ၊ စက်ရုံတိုးချဲ့ရန် စီစဉ်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ၌ လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေစေရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပိုမိုတိုးတက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် ဤစက်ရုံ၏ အောင်မြင်တိုးတက်မှုများကို ကြည့်ရှုပြီး ပိုမိုတိုးတက်အောင်မြင်ရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများမှ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများဖြင့် စက်မှုဇုန်များရှိ စက်ရုံများ၏ လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ပေးသွားမှာဖြစ်ကြောင်း။

အကျိုးအမြတ်

မိမိတို့နိုင်ငံသည် တည်ငြိမ်မှု၊ လုံခြုံမှု၊ အေးချမ်းမှုရှိသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများ အကျိုးအမြတ်များရရှိကြသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများတွင် ပြည်သူများလည်း အလုပ်အကိုင်ရရှိကြောင်း။

ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီများကိုလည်း ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်က ခွင့်ပြုပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေပြည်သာမြို့နယ်သစ်အခြေခံ စက်မှုဇုန်ရှိ တော်ဝင်မိသားစုကုမ္ပဏီ၏ သစ်အချောထည်နှင့်ပရိဘောဂစက်ရုံတွင် လေဘေးသင့်ပြည်သူများကို နေရာချထားပေးမည့် လိုအပ်သောလူနေအိမ်များ အမြန်တည်ဆောက်ပေးနိုင်ရေးအတွက် လူနေအိမ်များ ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ Mr.Chen Hsi Wang က နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် လာရောက်ချီးမြှင့်အားပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား တာဝန်ရှိသူများက မှန်ဘီလူး ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စက်ရုံကထုတ်လုပ်သည့် မှန်ဘီလူး နမူနာအချို့ကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မှန်ဘီလူးအမျိုးမျိုး ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ်သစ်အခြေခံစက်မှုဇုန်ရှိ တော်ဝင်မိသားစုကုမ္ပဏီ၏ သစ်အချောထည်နှင့် ပရိဘောဂစက်ရုံသို့ ရောက်ရှိကြပြီး လေမုန်တိုင်းကြောင့် အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများကို နေရာချထားပေးမည့် လိုအပ်သော လူနေအိမ်များ အမြန်တည်ဆောက်ပေးနိုင်ရေးအတွက် လူနေအိမ်များ ထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တော်ဝင်မိသားစုကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဖြည့်စွက်တင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို မှာကြားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသသတင်း

မြန်မာ့ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျနိုင်

သန်းသန်းနေ ကိုးကားတင်ပြသည်

ရန်ကုန် ဇွန် ၂၂

ဇွန် ၂၂ရက် မိုးလေဝသအခြေအနေကို ဖော်ပြရလျှင် ကချင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်မိုးရွာခဲ့သည်။ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ မိုးရွာခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးရွာခဲ့သည်။ ပဲခူးတိုင်းတွင် ဒေသအလိုက်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့်ရှိနေသည်။

လှိုင်းကြီးနိုင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းကျရောက်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှမိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

ဇွန် ၂၃ရက် **(ယနေ့)** တွင် ချင်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာမည်ဖြစ်ပြီး ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့၌ နေရာကျဲကျဲ မိုးရွာမည်ဖြစ် သည်။ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာ၍ ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်၂၃ရက် **(ယနေ့)** နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်ကြောင်း ခန့်မှန်းရပါသည်။



ဇွန် ၂၂ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ အောက်ပါအတိုင်းဖြစ်သည်-

မိုးကုတ်	- ၅ ဒသမ ၃၉ လက်မ
မောင်တော	- ၄ ဒသမ ၁၇ လက်မ
ရွှေကျင်	- ၃ ဒသမ ၃၁ လက်မ
ဓနိုးတူ	- ၃ ဒသမ ၂၇ လက်မ
ခန္တီး၊ ပုသိမ်	- ၂ ဒသမ ၈၀ လက်မ
မင်းကင်း	- ၂ ဒသမ ၇၆ လက်မ
ဝ	- ၂ ဒသမ ၇၂ လက်မ
ဗန်းမော်	- ၁ ဒသမ ၇၇ လက်မ

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေ အားကောင်းနေ

ကိုးကား- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၂၃-၆-၂၀၀၈ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **အလံလေးတော့ကိုင်ပြပါ**
ဖွဲ့နိုင်ဝင်း၊ ဧရာ၊ ပေါ်လေး၊ ချစ်စရာ၊ ရတနာခင်
(ဒါရိုက်တာ-မင်းအုပ်စိုး)
၈:၀၀ ၅။ အကပဒေသာ
၈:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၃၀ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၈:၄၅ ၈။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၄:၂၅ ၃။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၄:၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၅။ ဆိပ်ကမ်းရေထိန်းတံခါး
၅:၀၀ ၆။ ရုပ်မြင်ရသတေးစုကဏ္ဍ
၅:၁၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
၅:၃၀ ၈။ **ဇင်ဇင်နှင့်ခြင်ကျား**
ဇင်ဇင်ဇော်မြင့်၊ လင်းလင်းဇော်မြင့်
(ဒါရိုက်တာ-စင်ရော်မောင်မောင်)
၅:၄၅ ၉။ တေးဂီတအစီအစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀ ၁၃။ မြန်မာနိုင်ငံ အမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏စွမ်းရည်ပြပွဲ
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာများနှင့်လှည့်ကွက်** (အပိုင်း-၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး ကောင်းရဲ့သားနဲ့** (အပိုင်း-၅)

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းပျက် ဝမ်းလျှောရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊
- သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊
- ယင်နားစာ မစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊
- ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊
- အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊
- အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၄)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၂၄)တွင် 'လေဘေးသင့် မိတ်ဆွေများအတွက် ပေးစာများ' အထူးသတင်းဆောင်းပါးနှင့်အတူ သဘာဝလေဘေးအန္တရာယ် တုံ့ပြန်ရင်ဆိုင်နိုင်ရန် ကမ်းရိုးတန်းနေ လူ့အဖွဲ့အစည်းများအား ပညာပေးမည်၊ ပျက်စီးသွားသောကျောင်းများ ပြန်လည်ဆောက်လုပ်ရေး မည်သို့မျှ အလှူခံခြင်းမပြုကြရန် ညွှန်ကြားထား၊ ဧရာဝတီ လေဘေးသင့်ဒေသများ လယ်ဧကတစ်သိန်းခွဲကျော် ပြန်လည်စိုက်ပျိုးပြီးစီးပြီဖြစ်၊ ၂၀၀၇-၂၀၀၈အတွက် သဘာဝဓာတ်ငွေ့တင်ပို့မှု မြန်မာထိပ်ဆုံးမှရပ်တည်၊ လေဘေးကယ်ဆယ်ရေးအတွက် ပုဂ္ဂလိက လှူဒါန်းလိုသူများ ပြည်ပမှကုန်ပစ္စည်းများတင်သွင်းလိုပါက သွင်းကုန်ပါမစ် ကြိုတင်လျှောက်ထားနိုင်၊ မြန်မာနိုင်ငံ၏ လမ်းညွှန်ချက်အသစ်များမှာ ကယ်ဆယ်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား ဟန့်တားစေမည်မဟုတ်၊ မြန်မာသည် ကမ္ဘာတွင် တတိယ နှမ်းအများဆုံးစိုက်ပျိုး၊ စင်ကာပူကျောင်းတစ်ခုက မြန်မာကျောင်းသားများအတွက် ကျောင်းဝင်ကြေး လျှော့ချပေး၊ ကနေဒါတက္ကသိုလ် MBA ဘွဲ့ အခမဲ့ဝန်ဆောင်မှုပေးမည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ အကျင့်စာရိတ္တကို တောင်းဆိုခြင်း....စသည့် မျက်မှောက်ရေးရာ သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဖြန့်ချိ

ယူရို ၂၀၀၈တွင် ဂျာမနီဗိုလ်စွဲနိုင်သည့် အချက်ကြီး ၁၀ချက်၊ 'တာလီဘန်တွေကို ကျွန်တော့်ရဲ့ စစ်သားတွေဖြစ်စေချင်တယ်' အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ လူသား၏ သားအိမ်မှ မျိုးဥထွက်ပေါ်လာပုံကို မှတ်တမ်းတင်နိုင်ခဲ့ပြီ၊ ထိုင်းနှင့် အနာဂတ် ဆန်၊ လက်နက်ကိုင်ဓားပြသုံးဦးက ပီကာဆို၏ ပန်းချီကားများကို လုယက်၊ အီတာလျံအမျိုးသမီး လက်မထပ်ဘဲ ကလေးရခဲ့၍ ၁၈နှစ်ကြာ လှောင်ပိတ်ခံခဲ့ရ၊ ဂြိုဟ်စာရင်းပြုတ် ပလူတိုကို ပလူတွိုက်ဟု အမည်သစ်ပေး၊ လာအို၌ရိုက်ကူးထားသည့် ရုပ်ရှင်ကားကြောင့် ကာလရှည်ကြာနေပြီဖြစ်သည့် အတားအဆီးတချို့ကို ချေဖျက်နိုင်ခဲ့၊ ရာဇဝတ်မှုပပျောက်စေရန် ကျောင်းသားတို့ စုံထောက်သင်တန်းတက် စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ စီးပွားရေးသုံးသပ် ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အိန္ဒိယ၌ မိုးသည်းထန်ပြီး ရေလွှမ်းမှုဖြစ်ပွား နေအိမ်များရေနစ်မြုပ်သဖြင့် လူများ သစ်ပင်များပေါ်တက်နေရ

နယူးဒေလီ ဇွန် ၂၂

အိန္ဒိယနိုင်ငံအရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ရေလွှမ်းမှုများ ဖြစ်ပွားရာ နေအိမ် အများအပြား ရေနစ်မြုပ်ပြီး ဒေသခံ ပြည်သူအချို့ သစ်ပင်များပေါ် တက်နေကြရကြောင်း အိန္ဒိယမီဒီယာများက ဇွန် ၂၂ရက်၌ ဖော်ပြသည်။

ဆောင်ရွက်ပေး

ဩရိဿပြည်နယ်အရှေ့ပိုင်း ဒေသများတွင် နေအိမ်များ ရေနစ်မြုပ်မှုကြောင့် ရာပေါင်း များစွာသော ကျေးရွာသားများ သစ်ပင်များပေါ် တက်ရောက် နေထိုင်ကြရကြောင်း၊ အိန္ဒိယလေတပ်က ရဟတ်ယာဉ်များဖြင့် အစားအစာများ ချပေးနေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း သိရသည်။

ပျက်စီးသွား

ထို့အပြင် ဂျန်ရှီပူရာမြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ ရေလွှမ်းမှုကြောင့် မိကျောင်းလေးကောင် လွတ်ထွက်သွားပြီး ပျောက်ဆုံးနေလျက်ရှိကြောင်း၊ ထို့အတူ တံတားအချို့လည်း ရေတိုက်စားမှုကြောင့် ပျက်စီးသွားကြောင်း သိရသည်။

ဖိလစ်ပိုင်၌ မုန်တိုင်းမိပြီး သင်္ဘောနစ်မြုပ် ခရီးသည်နှင့်ဝန်ထမ်း ၇၀၀ ကျော် ပျောက်ဆုံးနေ

မနီလာ ဇွန် ၂၂

ဖိလစ်ပိုင်နိုင်ငံတွင် ဖန်ရှန် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဇွန် ၂၁ရက် ညပိုင်းက ခရီးသည်တင် သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ၇၀၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေမှုများ အလျင်အမြန်ပြုလုပ်လျက်ရှိကြောင်း ဖိလစ်ပိုင်အရာရှိများက ဇွန်၂၁ရက်၌ ပြောကြားသည်။ **(အပေါ်ပုံ)**

နစ်မြုပ်

အဆိုပါ သင်္ဘောသည် မနီလာမြို့မှ ဆီဘူးမြို့သို့ ဇွန်၂၁ရက် ဒေသစံတော်ချိန် မွန်းလွဲ၁၂နာရီခွဲက ထွက်ခွာ မောင်းနှင်ခဲ့ခြင်းဖြစ်ပြီး စီဘူယန်ကျွန်းအနီး မုန်တိုင်းမိ၍ နစ်မြုပ်သွားခဲ့ခြင်း ဖြစ်သည်။

ရှာဖွေ

သင်္ဘောပေါ်တွင် ခရီးသည်နှင့် သင်္ဘောဝန်ထမ်း ၇၄၇ဦးပါရှိသွားပြီး စီဘူယန်ကျွန်းမှ နှစ်မိုင်ခန့်အကွာ၌နစ်မြုပ်သွားခဲ့ရာ ပျောက်ဆုံးနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေလျက်ရှိသည်။

ဖန်ရှန်မုန်တိုင်းကြောင့်ဖိလစ်ပိုင်နိုင်ငံတွင် ရေလွှမ်းမှုနှင့် မြေပြိုမှုများကြောင့် ဇွန် ၂၁ ရက် မွန်းလွဲပိုင်းအထိ သေဆုံးသူဦးရေမှာ ၈၀ရှိသွားပြီဖြစ်ကြောင်း သိရသည်။

တရုတ်၌ လေဆင်နှာမောင်းတိုက်ခတ် တစ်ဦးသေဆုံး၊ ၄၅ဦး ဒဏ်ရာရခဲ့

ပေကျင်း ဇွန် ၂၂

တရုတ်နိုင်ငံအရှေ့ပိုင်း အန်ဟွေးပြည်နယ်တွင် ဇွန် ၂၁ရက်က လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ် ၆၅၀ခန့်ပျက်စီးသွားပြီး တစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်မီဒီယာများက ဇွန်၂၂ရက်၌ ဖော်ပြသည်။

ကြုံတွေ့

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၄၅ဦး ဒဏ်ရာရရှိခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂ဒသမ၇သန်းခန့်ရှိကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မှုဒဏ်ကို ဒေသခံပြည်သူ ၂၀၀၀၀ခန့် ကြုံတွေ့ခံစားခဲ့ရကြောင်း သိရသည်။

ထို့အတူ ငလျင်ဒဏ် ကြုံတွေ့ခံစားရသော စီချွမ်ပြည်နယ်တွင်လည်း ဇွန် ၂၁ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံပြည်သူ ၇၂၀၀၀ခန့်မှာ ရေလွှမ်းမှုနှင့် မြေပြိုမှုများကြုံတွေ့နေရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေရကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။

ပြောတိုင်း မယုံတတ်သူများ

ဇူးကေခိုင်

ကျွန်တော်သည် ရေဒီယိုကို စွဲစွဲလမ်းလမ်း နားထောင်တတ်သူဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်းရှိကြသည့် အသံလွှင့်ဌာနအသီးသီးမှ လွှင့်ထုတ်နေသောအသံ (မြန်မာ၊ အင်္ဂလိပ်)များကို အားလပ်ချိန်များတွင် အချိန်ပြည့်နီးပါး နားထောင်ပါသည်။ အင်္ဂလိပ်၊ အမေရိကန်၊ အိန္ဒိယ၊ တရုတ်၊ ထိုင်း စသည့် နိုင်ငံအသီးသီးမှ ထုတ်လွှင့်သော အသံများအပြင် ဘာသာရေးကို အသားပေးထုတ်လွှင့်သော အသံလွှင့်ချက်များကိုပါ နားထောင်ပါသည်။ အသံလွှင့်ဌာနတစ်ခုတည်းကိုသာ နားထောင်နေခြင်းမဟုတ်ပါ။ ထို့ကြောင့် ဟင်းမျိုးစုံ၊ ရသာပေါင်းစုံနှင့် ထမင်းစားနေရသကဲ့သို့ ခံစားရပါသည်။ အသားဟင်းချင်းတူသော်လည်း အရသာကွာခြားသကဲ့သို့ သတင်းတစ်မျိုးတည်းကို ရသအမျိုးမျိုး၊ အဓိပ္ပာယ်အမျိုးမျိုးပေါက်အောင် ထုတ်လွှင့်သွားကြသည်ကိုလည်း သတိပြုမိပါသည်။ ဥပမာ-ဆိုရပါဦးမည်။

တစ်ခါက မြန်မာနိုင်ငံ၌ နိုင်ငံခြားသံတမန်များရှေ့မှောက်တွင် မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးသည့် သတင်းကို အနောက်နိုင်ငံသတင်းဌာနတစ်ခုက "မြန်မာနိုင်ငံအစိုးရက မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးပြသွားသည်"ဟုအဓိပ္ပာယ်တစ်မျိုးတစ်မည်သက်ရောက်အောင် ထုတ်လွှင့်ခဲ့ဖူးပါသည်။ ယင်းသတင်းကိုပင် အခြားသတင်းဌာနများက ပုံမှန်အတိုင်း မှန်ကန်သောစေတနာဖြင့် ထုတ်လွှင့်ကြသည်ကို နားထောင်ခဲ့ရဖူးပါသည်။ သတင်းအသားနှင့် ထင်မြင်ချက်ကို ခွဲခြားဖော်ပြရမည်ဟူသော သတင်းသမား၏ကျင့်ဝတ်ကို မလိမ့်တပတ်နည်းဖြင့် ချိုးဖောက်လိုက်ခြင်းဖြစ်ပါသည်။ မသိမသာဖြင့်ပုတ်ခတ်သည့် ယုတ်မာမှုကို တွေ့ရပါသည်။

သတင်းဌာနအသီးသီးမှ ထုတ်လွှင့်သောသတင်းများကို နှိုင်းယှဉ် စဉ်းစားနားထောင်သည့်အခါ သတင်းဌာနအသီးသီး၏ မိမိနိုင်ငံအပေါ်ထားရှိသော သဘောထားကို အထင်းသား တွေ့မြင်သိရှိခဲ့ရပေသည်။မှိုအနည်းငယ်ပါသော ပေါင်မုန့်ကို တစ်ခါတစ်ရံစားမိလျှင် အသက်အန္တရာယ်မထိခိုက်နိုင်။ သို့သော်လည်း အမြဲစားသုံးမိလျှင် ကင်ဆာရောဂါကဲ့သို့ အမြစ်တည်စက မသိနိုင်ဘဲ ရောဂါအဆင့် ၂-၃ရောက်မှသိရှိပြီး မကြာမီ အသက်ဆုံးရှုံးရနိုင်ကြောင်း သတိထားမိပါသည်။ နားထောင်ရသော မီဒီယာဖြစ်၍ သတင်းစာ(ပုံနှိပ်မီဒီယာ)ကဲ့သို့ စဉ်းစားဆင်ခြင်ဖတ်ရှုနိုင်သော အခွင့်အလမ်းနည်းပါးသည်ကို သတိပြုမိခဲ့ရပါသည်။ တစ်ဆက်တည်းမှာပင် ရေဒီယိုသည် စရိတ်အကုန်အကျနည်းနည်းဖြင့် လူအများစု၏ ထင်မြင်ချက်(Opinion)အပေါ် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးနိုင်ပါသည်။ နားထောင်သူပရိသတ်များအနေဖြင့်လည်း အခြားမီဒီယာများနှင့်စာလျှင် ငွေကြေး၊ အချိန်၊ နေရာကန့်သတ်ချက် နည်းပါးပါသည်။ လူတိုင်း အလွယ်တကူနားထောင်နိုင်သော အခြေအနေရှိပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးပြီး နိုင်ငံကြီးများသည် အခြားသောမီဒီယာနည်းပညာများ မည်မျှပင် ဖွံ့ဖြိုးတိုးတက်လာစေကာမူ ယခုအချိန်အထိ ရေဒီယိုအသံလွှင့်လုပ်ငန်းကို လက်မလွှတ်နိုင်ကြပါ။ ဆတက်ထမ်းပိုး တိုးချဲ့၍ပင် လုပ်ဆောင်လျက်ရှိပါသည်။ အရင်းနည်းနည်းဖြင့် အမြတ်များများရနိုင်သော အလုပ်ဟုလည်း ဆိုနိုင်ပေသည်။ လွတ်လပ်သော ဥရောပအသံလွှင့်ဌာန (Radio Free Europe)ကို အရှေ့ဥရောပနိုင်ငံများသို့ ဦးတည်၍ နှစ်ပေါင်းများစွာ ထုတ်လွှင့်ခဲ့ရာမှ ဆိုဗီယက်ယူနီယံကြီး ပြိုကွဲသွားသည့်အခါ ယင်း RFE အသံလွှင့်ဌာနကို ရပ်ဆိုင်းပစ်ခဲ့ပေသည်။ အသံလွှင့်ဌာန၏ ဖြိုခွဲရေးရည်မှန်းချက်အောင်မြင်ပြီးဖြစ်၍ ဆက်လက်ငွေကြေးကုန်ကျမခံတော့ခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

ထိုဖြစ်ရပ်ကိုအကြောင်းပြု၍ အသံလွှင့်ဌာနအသီးသီးသည် ၎င်းတို့ ဦးတည်ရည်မှန်းထားသော တစ်စုံတစ်ခုသော အကျိုးစီးပွားအတွက် ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နေကြခြင်း ဖြစ်ပေသည်။

ရေဒီယိုသမားတစ်ဦးအနေဖြင့် အနောက်နိုင်ငံ အသံလွှင့်ဌာနအသီးသီး၏ ရည်မှန်းချက်ကို အခြားသော အသံလွှင့်ဌာနများနှင့် နှိုင်းယှဉ်နားထောင်ရာမှ ပိုမိုသိရှိလာခဲ့ရပေသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ကြီးကျယ်ထင်ရှားသော အရေးကြီးသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်သည့်အခါ အပေါ်စီးလွှမ်းမိုးချင်သော ၎င်းတို့၏ သဘောထားမှာ ပိုမိုထင်ရှားပေါ်လွင်လာပေသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အခြေခံမူများ ချမှတ်ရေး ဆွေးနွေးတိုင်ပင်ကြရန် ကျင်းပပြုလုပ်ခဲ့သော အမျိုးသားညီလာခံအား အစဉ်တစိုက် မလိုတမာဆန့်ကျင်ထုတ်လွှင့်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုသည့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံးကိုလည်း နည်းအမျိုးမျိုးဖြင့် ကဖျက်ယဖျက် ဆန့်ကျင်ထုတ်လွှင့်ခဲ့ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား မြန်မာပြည်သူတစ်ရပ်လုံးက ကန့်ကွက်ဆန္ဒမဲပေးစေရန် အစီအစဉ်အမျိုးမျိုးဖြင့် နောက်ဆုံးအချိန်ထိ သဲကြီးမဲကြီး ထုတ်လွှင့်ခဲ့ပေသည်။

ယင်းအသံလွှင့်ဌာနများက မြန်မာပြည်သူတို့၏ ဆန္ဒသဘောထားအပေါ် လွှမ်းမိုးခြယ်လှယ်ရန် မည်သို့ပင် ငွေကုန်သံပြာထုတ်လွှင့်ခဲ့သော်လည်း ၉၂ဒသမ ၄၈ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးက မြန်မာပြည်သူတို့သည် ပြောတိုင်းယုံတတ်သူများမဟုတ်ကြောင်း လက်တွေ့ဖော်ထုတ်ပြသခဲ့ပြီးဖြစ်ပေသည်။ ၎င်းတို့၏ မီဒီယာများက ၎င်းတို့ရည်မှန်းထားသည့်အတိုင်း လက်တွေ့ဖြစ်မလာခြင်းကြောင့် အသံလွှင့်ချိန်များကို အပြိုင်အဆိုင် တိုးချဲ့ထုတ်လွှင့်လာကြသည်မှာ ထင်ရှားသော သာဓကတစ်ရပ်ဖြစ်ပေသည်။ မြန်မာပြည်သူတို့သည် "**လူထုဆက်သွယ်ရေးပစ္စည်းများ၏ ထုတ်လုပ်ထုတ်လွှင့်ချက်များကို ဆင်ခြင်စဉ်းစားဉာဏ်ဖြင့် ချင့်ချိန်ပြီးမှ လက်ခံယုံကြည်တတ်သူများဖြစ်ကြောင်း၊ ပြောတိုင်းမယုံတတ်သူများဖြစ်ကြောင်း**" သိဖို့ အချိန်တန်ပါပြီ။ ။

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက် လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

ရေသန့်နှင့်ရေခဲစက်မှ မီးစက်သံ နားမခံနိုင်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှိုင်မြို့နယ် ကန်လမ်းသွယ်နှင့် ကင်းပွန်ခြံလမ်းကြား အိမ်နောက်ဖေးပတ်လည်တွင် ရေသန့်စက်နှင့် ရေခဲစက်များကို မီးစက်သံ ဆူညံစွာဖြင့် နေ့စဉ်မောင်းနှင်လည်ပတ်နေပါသဖြင့် ပတ်ဝန်းကျင်နေသူများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရပါ၍ သင့်လျော်ရာနေရာကို ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်ပြည်သူများ

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရိပ်သာရပ်ကွက်ရှိ ရေမြောင်းများမှာ ရေစီးဆင်းမှုမရှိဘဲ ရပ်တန့်နေပါ၍ ခြင်များ ပေါက်ပွားများပြားလျက်ရှိနေရာ သွေးလွန်တုပ်ကွေးအန္တရာယ် စိုးရိမ်နေရပါ၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရိပ်သာသား

အနံ့ဆိုးများကြောင့် ကျန်းမာရေး ထိခိုက်ရ

စာတည်းခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၄ လမ်း နေအိမ်တစ်အိမ်၌ ကြောင်များကို အကောင်များစွာ မွေးထားပြီး ၎င်းကြောင်များမှ ထွက်သော အနံ့အသက်များ၊ မစင်များကို နေ့စဉ် အိမ်ရှေ့နှင့် အိမ်နောက်မြောင်းထဲသို့ စွန့်ပစ်နေပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ၎င်းအနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

မျှစ်ချဉ်နံ့ကြောင့် ကျန်းမာရေးထိခိုက်နေ

စာတည်းရှင့်-

သဃ်ာန်းကျွန်းမြို့နယ် ဗိုလ်ကံညွန့်ရပ်ကွက် ဇမ္ဗူသီဂီလမ်းတွင် မျှစ်များ၊ မျှစ်ချဉ်များ ရောင်းဝယ်သော အိမ်များသည် မျှစ်များ၊ မျှစ်ချဉ်များ သိုလှောင်ထားပြီး အမှိုက်များကို အနီးတွင်သာ စွန့်ပစ်ကြသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ အနံ့ဆိုးများကြောင့် ကျန်းမာရေး ထိခိုက်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလိုအရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျန်းမာရေးအတွက်စိုးရိမ်သူ

စည်းကမ်းမဲ့အမှိုက်ပုံသူများ ကြပ်မတ်ဆောင်ရွက်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း တာမွေမြို့နယ် (က+ဂ)ရပ်ကွက် တာမွေလမ်းမကြီး (ဗညားဒလလမ်း)နှင့် ၁၅၇လမ်းထောင့် လက်ဖက်ရည်ဆိုင် အနီးရှိ လျှပ်စစ်ဓာတ်တိုင်တွင် ညနေ၆နာရီခွဲကျော်မှစတင်၍ အမှိုက်များ စွန့်ပစ်စုပုံလေ့ရှိရာ ၎င်းအမှိုက်ပုံမှ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ ပျံ့နှံ့လျက်ရှိသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်ရပါ၍ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တာမွေသား

ကျေးလက်လမ်း ဖောက်လုပ်ပေးစေလို

စာတည်းခင်ဗျား-

ပြည်မြို့တွင် သွားလာရေး အဆင်ပြေစေရန်အတွက် ချောင်းကောင်း-ပေါင်းတလည်လမ်းအပိုင်း ပေ၃၀၀၀မှ ပေ၂၅၀၀ကိုခင်းရန် စီစဉ်ထားပြီးဖြစ်သော်လည်း ယခုထိတိုင် တစ်စုံတစ်ရာဆောင်ရွက်ခြင်းမရှိသေးသဖြင့် ကျေးလက်လမ်းဖောက်လုပ်ပြီးစီးရေး စီစဉ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျေးရွာသားများ

အန္တရာယ်ရှိအဆောက်အအုံပြုပြင်ပြီးစီး

၄-၂-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **အန္တရာယ်ရှိအဆောက်အအုံပြုပြင်ပေးစေလို** ပေးစာနှင့်ပတ်သက်၍ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် ဩဘာလမ်း အမှတ်၉၀ရှိအဆောက်အအုံကို ပြုပြင်ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝါးကတုတ် ရေလှောင်တမံ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပဲခူးမြို့နယ် ဝါးကတုတ် ရေလှောင်တမံ၌ ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

ဒေသခံတောင်သူများ စိုက်ပျိုးရေရရှိရေးနှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရန် ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိ

ပြည်သူအကျိုးအတွက် သတ်မှတ်ကာလထက် စောပြီးစီးအောင် ဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇွန် ၂၀ရက်က ပဲခူးတိုင်း ဖြူးမြို့နယ် ဖြူးချောင်း သဘော်မြောင်ရိုးအနီး၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က လုပ်ငန်းဆိုင်ရာအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဒေသခံတောင်သူများ စိုက်ပျိုးရေ ရရှိရေးနှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းကို တည်ဆောက်လျက်ရှိရာ နိုင်ငံတော်အကြီးအကဲက ပြည်သူများ အကျိုးအတွက် သတ်မှတ်ချိန်ကာလထက်စော၍ ပြီးစီးအောင် ဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း၊ လမ်းညွှန်ချက်အတိုင်း အောင်မြင်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရေး မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ရှုရပ်မှနေ၍ ပင်မတမံ တည်ဆောက်မည့် ဖြူးချောင်းနေရာနှင့် တည်ဆောက်ပြီး ရေလွှဲဥမင်၊ ရေပိုလွှဲတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြင်ဆင်ဆောင်ရွက်နေပြီ

ဖြူးချောင်းပေါ်တွင် အလျား ပေ ၁၀၂၀၊ အမြင့်၂၄၅ပေရှိသည့်မြေသားတမံ တည်ဆောက်ပြီး အုတ်တွင်း မြို့နယ်နှင့် ဖြူးမြို့နယ်များရှိ လယ်မြေဧက တစ်သိန်းခန့်ကို ဆည်ရေပေးရန်နှင့် ရေအားလျှပ်စစ် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ် နာရီ ၁၂၂သန်း ထုတ်လုပ်ရန်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတို့ ပူးပေါင်းတည်ဆောက်လျက်ရှိရာ ပင်မတမံတည်ဆောက်ရန်အတွက် ဖြူးချောင်း ရေလွှဲမည့် ရေလွှဲဥမင်မှာ တည်ဆောက်ပြီးဖြစ်ပြီး ပင်မ ရေတားတမံကိုလည်း တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးရှိ တည်ဆောက်ပြီး ဝါးကတုတ် ရေလှောင်တမံသို့ ရောက်ရှိကြရာ ရေလှောင်တမံ၏ရေသိုလှောင်ထားမှု အခြေအနေနှင့် မိုးယွန်းကြီးအင်း ရေကူရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့သဖြင့် ရန်ကုန်မြို့အရှေ့ခြမ်း မိုင်၃၀ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် နွေသီးနှံစိုက်ပျိုးရေး အထောက်အကူပြုမှုကို ဝါးကတုတ် ရေလှောင်တမံ အပါအဝင် ကောလိယ၊ ဘောနီ၊ ဇောင်းတူစသည့် ဆည်အစုအဖွဲ့များ၏ ရေရရှိမှု၊ ရေပေးမှုတို့ကို ကြည့်ရှုပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် ဆည်ရေ အပြည့်အဝပေးနိုင်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပေးမြောင်းတို့မှ ဆည်ရေပေးဝေမှုနှင့် ရေလှောင်တမံ၌ ဆည်ရေဝင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဝါးကတုတ် ရေလှောင်တမံသည် ဝါးကတုတ်ချောင်းပေါ်တွင် တည်ဆောက်ထားပြီး တမံအမြင့်၈၆ပေ၊ တမံအလျား ပေ ၆၄၀၀နှင့် ကန်းကျောတမံ ၁၁ခု၏ အရှည်၃၁၅၅ပေရှိပြီး ရေလှောင်နိုင်မှုမှာ ဧက ပေ၃၂၆၀၀ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



သဘာဝဓာတ်ငွေ့များ ရောင်းချနိုင်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇွန် ၂၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း Daewoo International Corporation, ONGC Videsh Limited, GAIL (India) Limited, Korea Gas Corporation နှင့် China National Petroleum Corporation တို့သည် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက် A-1 နှင့် A-3 တို့မှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပိုက်လိုင်းသွယ်တန်း ရောင်းချနိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ (Memorandum of Understanding)ကို ဇွန် ၂၀ ရက် ညနေပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။

တက်ရောက်

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Guan Mu၊ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Park Key-Chong၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌ Mr. Liao Yongyuan၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ် Mr. Young Won Kangနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဌေး၊ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် နားလည်မှုစာချွန်လွှာကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ကိုရီးယားနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Limited ညွှန်ကြားရေးမှူး Mr. Joeman Thomas တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Petroleum Corporation ဒုတိယဥက္ကဋ္ဌနှင့် အသိသက်သေအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်တို့က လက်မှတ်ရေးထိုးကြကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် လေးထပ်ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်အတွင်း စုပေါင်းဆောင်ရွက် ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ရေသူမအပြုံးမိသားစု ဗိုလ်တထောင်မြို့နယ်က ငွေကျပ်နှစ်သိန်း၊ ဒေါ်ခင်မြမွေးနေ့အလှူ ဗဟန်းက ငွေကျပ်တစ်သိန်းနှစ်သောင်း၊ ဒေါက်တာဇော်ဝင်း-ဒေါက်တာဒေါ်သံဒါဖြူမိသားစု ကမာရွတ်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ရွှေမိသားစု သာကေတက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာဝင်းနိုင်-ဒေါ်ဝေဝေအေးမိသားစု စင်ကာပူက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်ထွေးရီ မိသားစု ဗဟန်းက ငွေကျပ်တစ်သိန်း၊ ဒေါက်တာတိုင်းအောင်-ဒေါက်တာခင်ခင်စိုး မိသားစု ဗဟန်းက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဒေါ်စိန်စိန်ခိုင်မိသားစု အလုံက ငွေကျပ်နှစ်သိန်း၊ ဒေါ်ခင်အေးမိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်သန်းဝင်းမိသားစု လမ်းမတော်က ငွေကျပ်တစ်သိန်းနှင့် ဦးမြမောင်-ဒေါ်ခင်ခင်ဝင်းမိသားစု တာမွေက ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အစည်းအဝေးတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Asian Institute of Technology (AIT) တွင် ဇွန်၁၈ရက်မှ ၂၂ရက်အထိ ကျင်းပသော သဘာဝဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် နည်းပညာပိုင်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ရန်နှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့သောဒေသများ၏ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လေ့လာရန်အတွက် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးလင်း၊ ဦးဟန်ဇော်၊ ဘဏ္ဍာရေးမှူး ဦးကိုကိုကြီး၊ ဗဟိုကော်မတီဝင် ဦးစောထွေးဇော်၊ လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးညွန့်ဦးနှင့် မြန်မာနိုင်ငံဗိသုကာ ပညာရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးသန်းတင်အောင်၊ အထွေထွေအတွင်းရေးမှူး ဦးဆန်းဦး တို့သည် ဇွန်၁၈ရက် နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

ဥက္ကဋ္ဌဦးသန်းမြင့်နှင့်အဖွဲ့အား မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးသန်းထွန်းအောင်၊ ဦးအောင်မျိုးမင်းနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူမည်

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ် ၂၃၅ရှိသော စိန်ဝင်းနှင့်ရောင်းရင်းများ ဘုရားဖူးမှ ပဉ္စမအကြိမ်မြောက် မင်းဘူးမြို့နယ် မန်းရွှေစက်တော်ခြေတော်ရာ၌ ဝါဆိုဝါကပ်တော်မူသော ဝါဆိုရဟန်း၊ သံဃာ ၈၃ပါးနှင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ဝါဆိုရဟန်း ၁၀၈ပါး၊ လယ်ကိုင်းကျောင်းတော်ရာကျောင်းတိုက်မှ ရဟန်းငါးပါး၊ ပုပ္ပားတောင်ကလပ်ရှိ ပုပ္ပားဆရာတော်နှင့် ရဟန်း၁၀ပါးတို့အား ဘုရားဖူးယာဉ်များဖြင့် လှည့်လည်၍ ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်၊ ဆီ၊ ဆားနှင့် အခြားကျောင်းသုံးပစ္စည်းများကို ဇူလိုင် ၁၅ရက် (ဝါဆိုလဆန်း၁၃ရက်)တွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ကုသိုလ်ပါဝင်၍ လိုက်ပါလှူဒါန်းလိုသူများအနေဖြင့် ဖုန်း-၂၄၉၈၇၁နှင့် ၀၉-၅၁-၃၇၂၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၂၂

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)က လှူဒါန်းသော ထောက်ပံ့ရေး ပစ္စည်းများ စုစုပေါင်း၃၄တန်နှင့် အမေရိကန်ပြည်ထောင်စုက လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၃၂ဒသမ၄တန်တို့သည် ယမန်နေ့က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။ (သတင်းစဉ်)

ကြိုတင်ကာကွယ်

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြို့မ(၄)ရပ်ကွက် ကန်သာယာလမ်းတွင် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ဆောင်ရွက်မှု လုပ်ငန်းကို ဇွန် ၁၉ ရက်က ခရိုင်ဥက္ကဋ္ဌ ဦးသိန်းနိုင်က ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

23-6 (10).pmd 1 6/23/2008, 1:41 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရေးအိပ်မက် အကောင်အထည်ဖော်နိုင်မည်ဟု စီရိုနယ်ဒို မျှော်လင့်

လန်ဒန် ဇွန် ၂၂

မန်ယူကွင်းလယ်ကစားသမား စီရိုနယ်ဒို(**ယာပုံ**)သည် မန်ယူ အသင်းက သူ့အား ရောင်းရန်မဟုတ်ဟု အခိုင်အမာ ပြောကြားခဲ့သော်လည်း ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ခြင်းဖြင့် သူ၏အိပ်မက်ကို ပြီးပြည့်စုံစေရန် မျှော်လင့်ကြောင်း ဖွင့်ဟလိုက်သည်။

အရိပ်အယောင်ပြ

ဥရောပချန်ပီယံမန်ယူက စီရိုနယ်ဒိုအား ဝယ်ယူရန် ကမ်းလှမ်းမှုများကို လက်ခံတော့မည် မဟုတ်ကြောင်း ဇွန် ၂၀ရက်က ပြောကြားခဲ့သည်။ သို့သော်လည်း အသက် ၂၃နှစ်ရှိ ပေါ်တူဂီနှင့် မန်ယူတောင်ပံကစားသမား စီရိုနယ်ဒိုက အကြီးမားဆုံးအခွင့်အရေးကို ရယူရန် ၎င်း၏ရည်ရွယ်ချက်ကို ဆုပ်ကိုင်ရန် အရိပ်အယောင်ပြလိုက်သည်။

မျှော်လင့်

လူတိုင်းပင် မိမိဘာလိုချင်သည်ကို သိသော်လည်း အရာအားလုံးသည် မိမိပေါ်တွင် မူမတည်ကြောင်း၊ မိမိအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်မဟုတ်သော်လည်း မိမိ၏ စိတ်ကူးအိပ်မက်ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရန် မျှော်လင့်ထားကြောင်း ၎င်းက ပြောကြားသည်။

(အင်တာနက်)

ခရိုအေးရှားအသင်းမှ နုတ်ထွက်ရေး နီးစပ်လာပြီဟု နည်းပြဘီလစ် ပြောကြား

ဇာဂရက် ဇွန် ၂၂

ခရိုအေးရှားအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ တူရကီအသင်းအား ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်းအနေဖြင့် နည်းပြအဖြစ်မှ နုတ်ထွက်ရန် နီးစပ်လာပြီဖြစ်ကြောင်း ခရိုအေးရှားနည်းပြ ဆလာဗင်ဘီလစ်(**အောက်ပုံ**)က ဇွန်၂၁ရက်၌ ပြောကြားသည်။



ဆုံးဖြတ်

ခရိုအေးရှားအသင်းသည် တူရကီအသင်းနှင့် ကစားရာတွင် အချိန်ပို၌ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နေပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ရန် သေချာနေချိန်တွင် ပွဲပြီးတော့မည့် နောက်ဆုံးမိနစ်၌ တူရကီအသင်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် အနိုင်အရှုံးကို ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာမှ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

(အင်တာနက်)

တင်းနစ်ပြိုင်ပွဲတွင် ညီညွတ်မျှတအောင် ကြိုးစားရေး အဓိကသော့ချက်ဖြစ်ကြောင်း မူရေး ဝန်ခံပြောကြား

ဘက်ချ်ရာအစ်ချ် ဇွန် ၂၂



ဗြိတိန်တင်းနစ်သမားအန်ဒီမူရေး(**ယာပုံ**)က အကယ်၍ ဝင်ဘယ်ဒန်ပြိုင်ပွဲ၌ သရေကျခဲ့ပါက အောင်မြင်မှုရရန် မှန်ကန်ကောင်းမွန်သည့် နည်းလမ်းသစ်ကို ရှာဖွေသင့်ကြောင်း ပြောကြားလိုက်သည်။

နောက်ဆုံးယှဉ်ပြိုင်

သရေပွဲများ ကြုံတွေ့ခဲ့ရသည့် အသက်၂၁နှစ်အရွယ်ရှိ ကမ္ဘာ့နံပါတ်အဆင့်၁၁ရှိ အန်ဒီမူရေးသည် ဂရင်းဆလမ်းပြိုင်ပွဲ၌ ၁၀ကြိမ်မျှ ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း စတုတ္ထပတ်လည်အဆင့်ကို တစ်ကြိမ်မျှ ကျော်ဖြတ်နိုင်ခြင်း မရှိခဲ့သေးချေ။ မူရေးသည် လွန်ခဲ့သည့် နှစ်နှစ်က ဂရင်းဆလမ်းပြိုင်ပွဲကို နောက်ဆုံးယှဉ်ပြိုင်ခဲ့သည်။

(အင်တာနက်)

ပြင်သစ်အသင်း ပြန်လည်တည်ငြိမ်မှုရရှိရေး ဒိုမီနစ်အား ဆက်လက်တာဝန်ပေးရန် ဗီအဲရာ တိုက်တွန်း

ပါရီ ဇွန် ၂၂

ပြင်သစ်လက်ရွေးစင်အသင်းသည် တည်ငြိမ်မှုများရရှိအောင် ဆောင်ရွက်ရန်အတွက် ရေမွန်ဒိုမီနစ်အား နည်းပြအဖြစ် ဆက်လက်တာဝန်ပေးပါရန် ပြင်သစ်အသင်းခေါင်းဆောင် ပက်ထရစ်ဗီအဲရာ(**အောက်ပုံ**)က ဇွန်၂၁ရက်၌ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်အား တိုက်တွန်းလိုက်သည်။

ပြင်သစ်အသင်းသည် ယူရို ၂၀၀၈ပြိုင်ပွဲ၌ အုပ်စုတွင်းပွဲစဉ်များတွင် သုံးပွဲကစားခဲ့ရာ နှစ်ပွဲရှုံး၊ တစ်ပွဲသရေကျပြီး တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။

ဆုံးဖြတ်မည်

ဒိုမီနစ်သည် ဩစတြီးယားနှင့် ဆွစ်ဇာလန်တို့ အိမ်ရှင်အဖြစ် ပူးတွဲကျင်းပသည့် ယူရို၂၀၀၈ပြိုင်ပွဲတွင် အုပ်စုပြိုင်ပွဲမှပင် ထွက်ခဲ့ရပြီးနောက် ဖိအားပေးမှုများနှင့် ရင်ဆိုင်နေရသည်။ ပြင်သစ်ဘောလုံးအဖွဲ့ချုပ်သည် ဇူလိုင် ၃ရက်တွင် နည်းပြဒိုမီနစ်ကို ဆက်လက်တာဝန်ပေးရေး၊ မပေးရေးအတွက် ဆုံးဖြတ်မည်ဖြစ်သည်။ **(အင်တာနက်)**

ကြံ့ခိုင်မှုနည်းပရိယာယ်နဲ့အခွင့်အရေးကို ကောင်းကောင်းအသုံးချနိုင်ခဲ့။

ရုရှားနည်းပြ ဂူဟစ်ဒင့်

ရုရှားအသင်းနိုင်ပွဲရသွားတာ ထိုက်တန်ပါတယ်။

နယ်သာလန်နည်းပြ ဗင်ဘာစတန်

ဘန်း ဇွန် ၂၂

ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်ပွဲစဉ်တွေကတော့ မထင်မှတ်စရာတွေဖြစ်ပြီး ပရိသတ်ကို မှင်တက်မိ အံ့သြသွားစေလောက်အောင် ရလဒ်တွေက ပြောင်းပြန်တွေ ဖြစ်နေခဲ့ပါတယ်။ ဇွန် ၂၂ရက်က ယူရို ၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် နယ်သာလန်နဲ့ရုရှားတို့ ကစားတဲ့ပွဲမှာ ရုရှားတို့က အံ့သြဖွယ်ရာ ခြေစွမ်းပြပြီး ရေပန်းစားနေတဲ့ နယ်သာလန်ကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲ တက်ရောက်သွားခဲ့ပြီ ဖြစ်ပါတယ်။

ဒါကြောင့် ယူရို ၂၀၀၈ အကြိုဗိုလ်လုပွဲတက်ရောက်သွားတဲ့ ရုရှားအသင်းနည်းပြ ဂူဟစ်ဒင့်က **"ကျွန်တော်တို့အသင်းအောင်ပွဲရတာဟာ ထူးထူးခြားခြား နည်းဗျူဟာတွေသုံးခဲ့ လို့တော့ မဟုတ်ပါဘူး။ ကြံ့ခိုင်မှု၊ နည်းပရိယာယ်နဲ့ အခွင့်အရေးကို ကောင်းကောင်းအသုံးချနိုင်ခဲ့လို့ ဖြစ်ပါတယ်။ အဓိကအချက်ကတော့ အသင်းလိုက်စုစည်းမှုနဲ့ ကစားအားကောင်းလို့ ဖြစ်ပါတယ်။ နောက်ပြီး ကျွန်တော့်လူတွေက စိတ်ဓာတ်ကောင်းကောင်းနဲ့ ကစားခဲ့တဲ့အပြင် ပွဲစဉ်တစ်လျှောက်လုံး ကစားအားမချဘဲ ကစားနိုင်တဲ့လူငယ်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားလို့ပဲ ဖြစ်ပါတယ်။ နယ်သာလန်အသင်းဟာ ယူရို ၂၀၀၈ ပြိုင်ပွဲမှာတော့ တကယ့်ကို တောင့်တင်းတဲ့ အသင်းဖြစ်ပါတယ်။ ဒီပွဲမှာ အချိန်ပိုကစားရတဲ့အခါ ကျွန်တော့်လူတွေ ကစားသွားခဲ့တဲ့ပုံကတော့ မျက်စိထဲက မထွက်အောင် ကောင်းမွန်နေတာမို့ ကျွန်တော့် ကစားသမားတွေကို ချီးကျူးပါတယ်"**ဟု ပြောကြားသွားခဲ့ပါတယ်။

ရုရှားနည်းပြ ဂူဟစ်ဒင့်

ယူရို ၂၀၀၈ ကွာတားဖိုင်နယ်ပွဲစဉ်၌ မမျှော်လင့်ဘဲ ရုရှားအသင်းကို ရှုံးနိမ့်ခဲ့ရပြီး ယူရို ၂၀၀၈ ပြိုင်ပွဲမှထွက်ခဲ့ရသည့် နယ်သာလန်အသင်း နည်းပြက **"ဒီပွဲမှာ ရုရှားအသင်းနိုင်ပွဲရသွားတာ ထိုက်တန်ပါတယ်။ သူတို့ကစားသွားတာ သိပ်ကောင်းတာမို့ ချီးကျူးစရာပါပဲ။ ရုရှားနည်းပြ ဂူဟစ်ဒင့်ဟာ လေးစားစရာကောင်းတဲ့ နည်းပြတစ်ဦးပါ။ ကျွန်တော့်ကစားသမားတွေ စိတ်ကြိုက်လှုပ်ရှားလို့ မရအောင် အဆင့်ဆင့် ဟန့်တားထိန်းချုပ်သွားနိုင်တဲ့ နည်းစနစ်ကတော့ ကောင်းလွန်းပါတယ်။ နောက်ပြီး ရုရှားကစားသမားတွေအားလုံး ကစားအားမချဘဲ ပွဲချိန်ပြည့်ကစားသွားနိုင်သလို ခံစစ်ပိုင်းမှာလည်း အင်အားပြည့်ခိုင်မာအောင် ပိတ်ဆို့ထားနိုင်ခဲ့လို့ ကျွန်တော့်တိုက်စစ်မှူးတွေ ဂိုးသွင်းဖို့ အခွင့်အရေး များများစားစား မရရှိခဲ့ကြပါဘူး။ အဆုံးစွန်အထိ အောင်မြင်မှုရမယ်လို့ မျှော်မှန်းထားတဲ့အတိုင်း ဖြစ်မလာခဲ့လို့ စိတ်မကောင်း ဖြစ်ရပါတယ်"**လို့ ဗင်ဘာစတန်က ပြောကြားသွားပါတယ်။

နယ်သာလန်နည်းပြ ဗင်ဘာစတန်

နယ်သာလန်အသင်း ရုရှားကိုရှုံးနိမ့်ရခြင်းမှာ နည်းစနစ်ပိုင်းအားနည်းချက်ကြောင့်ဖြစ်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက ဝေဖန်ပြောကြားလိုက်ပါတယ်။ ရုရှားအသင်းနဲ့ ရင်ဆိုင်ကစားရာမှာ ယခင်ပွဲစဉ်တွေလို အုပ်စုဖွဲ့အမြန်ပေး တိုက်စစ်ဆင်ကစားမှုကိုသာသုံးစွဲခဲ့ပြီး ပြိုင်ဘက်အသင်းအနေအထားကို လျှော့တွက်ခဲ့လို့ စကိုလာရီက ပြောကြားနေပါတယ်။

နယ်သာလန်နည်းပြ ဗင်ဘာစတန်အနေဖြင့် ရုရှားအသင်းရဲ့ မာမာတင်းတင်းတုံ့ပြန်ကစားတတ်မှုနှင့် အင်အားပြည့်ထိုးဖောက်တိုက်စစ်ဆင်မှုများအား မည်သို့ဟန့်တားရမည်ကို ပြင်ဆင်မှုအားနည်းခဲ့တယ်လို့ ဆိုပါတယ်။ နယ်သာလန်အသင်း၏ ကစားကွက်ကို ကောင်းကောင်း အကဲခတ်မိနေသော ရုရှားနည်းပြဂူဟင့်ဒစ်၏ နည်းဗျူဟာအတိမ်အနက်ကိုလည်း ကြိုတင်မတွက်ဆနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟု စကိုလာရီက ဆက်လက်ပြောကြားပါတယ်။ ထို့အပြင် ရုရှားအသင်းအနေဖြင့် နယ်သာလန်ကို အနိုင်ယူခဲ့သည့်ဗျူဟာမှာ အကုန်တက်၊အကုန်ဆင်း စနစ်ဖြစ်ပြီး နယ်သာလန်အသင်းတိုက်စစ်ကို ခိုင်ခိုင်မာမာပိတ်ဆို့ဟန့်တားပြီး တိုက်စစ်ဆင်ရာတွင် အင်အားပြည့် တစ်ဟုန်ထိုး တိုက်စစ်ဆင်ခြင်းဖြစ်ရာ နယ်သာလန်ခံစစ်မှူးများ တောင့်မခံနိုင်ဘဲ ဂိုးများ ဆက်တိုက်ပေးခဲ့ရခြင်း ဖြစ်ကြောင်း ပေါ်တူဂီနည်းပြ စကိုလာရီက သုံးသပ်ခဲ့ပါတယ်။ ။ **(ကိုးကား-အင်တာနက်)**

ဂျာမနီတို့ ခရိုအေးရှားကို ရှောင်လွှဲနိုင်ခဲ့ တူရကီကို ပြိုင်ဘက်ကောင်း တစ်သင်းဟုဆို

ဗီယင်နာ ဇွန် ၂၂



တူရကီအသင်းသည် ယူရို ၂၀၀၈ အကြိုဗိုလ်လုပွဲတွင်ပြိုင်ဘက်အသင်းကောင်းတစ်သင်းဖြစ်ကြောင်း ဂျာမနီခံစစ်မှူး အာနီဖရက်ဒရစ်(**ယာပုံ**)က ပြောကြားသည်။

မတွေ့လို

ဂျာမနီအသင်းသည် အုပ်စုတွင်းပြိုင်ပွဲ၌ ခရိုအေးရှားအသင်းအား ရှုံးနိမ့်ပြီးနောက် အကြိုဗိုလ်လုပွဲအဆင့် လေးသင်းပြိုင်ပွဲတွင် နည်းပြဆလာဗင်ဘီလစ်၏ ခရိုအေးရှားအသင်းနှင့် ပြန်လည် မဆုံတွေ့လိုသောအသင်းဖြစ်သည်။

ဝန်ခံ

ဖရက်ဒရစ်သည် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပေါ်တူဂီအသင်းကို အနိုင်ရရှိခဲ့သည့်ပွဲ၌ အရေးပါခဲ့သူ ကစားသမားတစ်ဦးဖြစ်သည်။ ဂျာမနီအသင်းသည် လာမည့် ဇွန်၂၅ရက်၌ အကြိုဗိုလ်လုပွဲတွင် တူရကီ အသင်းနှင့် ယှဉ်ပြိုင်ရမည့်ပွဲသည် လွယ်လွယ်ကူကူ အနိုင်ရမည်ဟု မျှော်လင့်ထားသည်။ သို့သော်လည်း မိမိတို့အသင်းသည် အကောင်းဆုံးဘောလုံးသမားများနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း ဖရက်ဒရစ်က ဝန်ခံပြောကြားခဲ့သည်။

(အင်တာနက်)

ဗိုလ်လုပွဲသို့ တူရကီအသင်းရောက်ရှိရေး ဂျာမနီအသင်းအား အနိုင်ကစားမည်ဟု တိုက်စစ်မှူး ကာဇင်မ် ပြောကြား

ဂျီနီဗာ ဇွန် ၂၂

ယူရို ၂၀၀၈ အကြိုဗိုလ်လုပွဲစဉ်တွင် ဂျာမနီအသင်းအား အနိုင်ကစားမည်ဟု တူရကီတိုက်စစ်မှူး ကာဇင်မ်ရစ်ချတ်က ဇွန် ၂၁ရက်၌ အခိုင်အမာ ပြောကြားလိုက်သည်။ အသက် ၂၁နှစ်အရွယ်ရှိ ရက်ဖီးယူနိုက်တက်တိုက်စစ်မှူးဟောင်း ကာဇင်မ်သည် လန်ဒန်မြို့တွင်မွေးဖွားခဲ့သူဖြစ်ပြီး တူရကီနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်သည်။ ဇွန်၂၅ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့၌ အကြိုဗိုလ်လုပွဲအဖြစ် တူရကီနှင့် ပြိုင်ဘက်ဟောင်း ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

(အင်တာနက်)

တူရကီအသင်း တိုက် စစ် မှူး ကာဇင်မ်ရစ်ချတ်။

မောင်မောင်မြင့်ဆွေနှင့် ချစ်စိုးနိုင် စုစည်းသည်

ပြန်ကြားရေးဝန်ကြီးဌာန

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

150 KVA မီးစက်နှစ်လုံးဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော 150 KVA မီးစက်နှစ်လုံးကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 150 KVA Generator (၂)လုံး

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၆-၂၀၀၈ရက် (၁၆း၃၀)နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ် ၂၈၊ ကုက္ကိုင်းရိပ်သာလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏နိုင်ငံကူးလက်မှတ် (CDC-60274) သည် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်ပေးပို့ပါက ကျေးဇူးဆပ်ပါမည်။
မောင်စည်သူသော်တာ ဖုန်း-၀၅၆-၂၁၃၈၉။

ကျေးဇူးဆပ်ပါမည် ကျွန်မ မစပယ်ဖြူ(ခ)တင်မမဦး၏ နိုင်ငံကူးလက်မှတ် (A-007958)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁-၄၆၄၈၇။

ဖခင်အမည်မှန်

အထက(၃)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ တက္ကသိုလ်ဝင်တန်း(K)မှ မမေမိုမိုဇော်၏ ဖခင်အမည်မှန်မှာ ဦးသက်ဇော်သိန်းဖြစ်ပါသည်။
ဦးသက်ဇော်သိန်း
၁၂/ရကန(နိုင်)၀၁၄၉၉၃။

အမည်ပြောင်း

ဦးခင်မောင်ဇော်၏ သား အထက-၁(ဒဂုံ)၊ ပထမတန်း(ဃ)မှ မောင်ကောင်းမြတ်စံအား မောင်ကောင်းခန့်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းခန့်လင်း။**

အမည်ပြောင်း

အဖဦးထွန်းလင်းအောင်၏သား ကြံခင်းမြို့ အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(င)မှ မောင်သီဟသော်အား ယနေ့မှစ၍ မောင်သီဟဇော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်သီဟဇော်။



ဥတုရာသီ တောကိုမှီ၏



၂၀၀၇ခုနှစ် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ

အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၀၇ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပခဲ့သည့် အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာရာ အဘိဓမ္မာစာမေးပွဲတွင် စာဖြေဌာနပေါင်း ၁၂၉ဌာနတို့၌ ဖြေဆိုသူ ၁၇၂၇၀၊ အောင်မြင်သူ ၁၁၀၇၅ဦး၊ နှစ်ချင်းပေါက်သုံးဆင့်လုံးအောင်မြင်သူ ၁၈၃၄ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်-၅၂ မောင်စိမ်းလေး ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်-၆၈ မောင်သိန်းမောင်လှ ဒဂုံဆိပ်ကမ်းစာဖြေဌာန ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ရန်ကုန်တိုင်းနှင့် တတိယ ခုံအမှတ်-၄၁ မောင်ညီညီအောင် နတ်ရေကန် စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းတို့ဖြစ်ကြသည်။

အဘိဓမ္မာ

အဘိဓမ္မာဂုဏ်ထူးဆောင်စာမေးပွဲတွင် စာဖြေဌာနပေါင်း ၅၃ဌာနတို့၌ ဖြေဆိုသူ ၅၂၃၂ဦး၊ အောင်မြင်သူ ၂၈၄၂ဦး၊ နှစ်ချင်းပေါက်သုံးဆင့် အောင်မြင်သူ ၆၇၂ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ(ထူးချွန်ဆု)ရရှိကြသူများမှာ ပထမ ခုံအမှတ်-၄၃ ဒေါ်နိုင်နိုင်မော် တာမွေစာဖြေဌာန တာမွေမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယ ခုံအမှတ်-၂ မောင်ငြိမ်းသန်း နတ်ရေကန်စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းနှင့် တတိယ ခုံအမှတ်-၁၁ မောင်နေမင်းလင်း နတ်ရေကန် စာဖြေဌာန အမရပူရမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်ကြသည်။

ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် စာဖြေ ဌာနပေါင်း ၅၂ ဌာနတို့၌ ဖြေဆိုသူ ၁၉၁၄ဦး၊ အောင်မြင်သူ ၁၂၉၃ဦး၊ နှစ်ချင်းပေါက်သုံးဆင့်အောင်မြင်သူ ၂၅၃ ဦးရှိ၍ တစ်ပြည်လုံး၌ အမှတ်အများဆုံး ပထမ၊ ဒုတိယ၊ တတိယ (ထူးချွန်ဆု) ရရှိကြသူများမှာ ပထမ ခုံအမှတ်-၉ မဆုပြည့်ထွေး ကျောက်မဲစာဖြေဌာန ကျောက်မဲမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယ ခုံအမှတ်-၃ မနွေးနွေးဖြိုး ကလေးစာဖြေဌာန ကလေးမြို့ စစ်ကိုင်းတိုင်းနှင့် တတိယ ခုံအမှတ်-၂ မရီရီခင် ကလေးစာဖြေဌာန ကလေးမြို့ စစ်ကိုင်းတိုင်းတို့ဖြစ်ကြသည်။

ထုတ်ပြန်ကြေညာ

အောင်စာရင်းအပြည့်အစုံကို မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၌ ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

မင်္ဂလာဈေး ဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇွန် ၂၂

ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရား အရှေ့ဘက်မုခ် ကြေးသွန်းဘုရားကြီးအနီး မင်္ဂလာဈေးဓမ္မာရုံကြီးတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာဆရာတော် ဦးသုမင်္ဂလ အရှင်သူမြတ်က ဝိပဿနာအလုပ်ပေး တရားတော်များကို ဇွန် ၂၆ရက်မှ ၂၈ရက်အထိ ည ၇နာရီမှစ၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ရာ တရားနာလိုသော ဓမ္မမိတ်ဆွေများအား ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။

(က-ပ)

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များ သုခုမဒါနသဘင်တင်ဆက်မည်

ရန်ကုန် ဇွန် ၂၂

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)မှ စီစဉ်တင်ဆက်သည့် မြန်မာ့သဘင်အလှဆင်သူများက ပူးပေါင်းဖျော်ဖြေသည့် သုခုမ၏ဒါနသဘင်ကို ဇွန် ၂၅၊ ၂၆၊ ၂၇ရက် ည ၇နာရီမှ ၁၁နာရီအထိ မန္တလေးမြို့ အမျိုးသားဇာတ်ရုံကြီး၌ သုံးချီသုံးည တင်ဆက်ကပြမည်ဖြစ်သည်။ မြန်မာ့သဘင်အလှဆင်သူများက ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် ထူးခြားလှသော သဘင်ပဒေသာကပွဲကြီးတွင် ရန်ကုန်၊ မန္တလေးမြို့များမှ ချမ်းသာ၊ နန်းဝင်း၊ သိန်းဇော်၊ မိုးဝင်း၊ မိုးမင်း၊ ဖိုးချစ်၊ တင်မောင်ဆန်းမင်းဝင်း၊ ဟန်ဇာမိုးဝင်း၊ လူလူနန်းဝင်း၊ ဝင်းနောင်၊ ဇော်ဖြိုး၊ ဝေယံဦး၊ လှိုင်ဘွားအောင်၊ ဟိန်းထက်အောင်၊မင်းမင်းဦး၊ ဖိုးဇော်၊ ရှိုင်းကို၊ နော်ဝယ်၊ နှင်းသူ၊ စိုးငယ်၊ နှင်းခိုင်၊ချစ်နန်း၊ ချမ်းသူ၊ မင်းချစ်သူ၊ နန်းခင်မွေး၊ တင်ဇာမိုးဝင်း၊ သူသူနန်းဝင်းစသော ဇာတ်မင်းသား၊ မင်းသမီးများက ခေါင်းဆောင်ပါဝင်လျက် တင်ဆက်ကပြဖျော်ဖြေကြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

ဆရာတော် ဦးသုမင်္ဂလ တရားပွဲ

ရန်ကုန် ဇွန် ၂၂

မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပစက်မှုဇုန် အမရာလမ်း သုခကာရီဓမ္မာရုံကြီးတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာ မင်္ဂလာရိပ်သာဆရာတော်ဦးသုမင်္ဂလ အရှင်သူမြတ်က ဝိပဿနာအလုပ်ပေးတရားတော်များကို ဇွန်၂၄ရက်မှ ၂၅ရက်အထိ ည၇နာရီမှစ၍ ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ရာ တရားနာဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားကြောင်းသိရသည်။

(က-ပ)

အာရှ ယူ-၁၃ ဘောလုံးပွဲတော်၌ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အမျိုးသမီးအသင်း ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၂

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ဇွန် ၂၃ရက်မှ ၂၈ရက်အထိ ကျင်းပမည့် အာရှယူ-၁၃အမျိုးသမီး ဘောလုံးပွဲတော်ကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာလူငယ် အမျိုးသမီး ဘောလုံးအသင်းသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အမှုဆောင်များ၊ ဆွေမျိုး မိတ်သင်္ဂဟများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။**(အောက်ပုံ)**

မြန်မာလူငယ် ဘောလုံးအသင်းတွင် အုပ်ချုပ်သူ ဒေါက်တာဒေါ်မော်လီချစ်၊ နည်းပြချုပ် ဦးအုန်းကြိုင်၊ လက်ထောက်နည်းပြ ဒေါ်သက်သက်ဝင်းနှင့် ဒေါ်ချိုဇင်မင်း၊ အတွင်းရေးမှူး ဒေါ်အေးအေးမော်၊ အားကစားသမားများအဖြစ် ဂိုးသမား-အိအိဖြိုး၊ နှင်းပွင့်ဖြူ၊ နောက်တန်း-လှယဉ်ဝင်း၊ ဇာဇာဝင်း၊ ခင်မာကြည်၊ ခင်သန်းဝေ၊ စုနန္ဒာလွင်၊ ခိုင်ဇာဝင်း၊ ခင်ဇာဇာဝင်း၊ အလယ်တန်း-စုငယ်စန္ဒာအောင်၊ ညိုညိုထွေး၊ သက်ထားဆွေ၊ ဥမ္မာစန်း၊ ငွေဆွေတာရာ၊ သန္တာဝင်း၊ ယုယုဝင်း၊ စန္ဒီခိုင်၊ ဝတ်ရည်၊ ရှေ့တန်း-ဝါဝါခိုင်၊ ဝင်းသီဂီထွန်း၊ အိမွန်ကျော်နှင့် မေသူကျော်တို့ လိုက်ပါသွားကြသည်။ နည်းပြချုပ်ဦးအုန်းကြိုင်မှာ နည်းပြချုပ်များ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်အတွက် လည်းကောင်း၊ လက်ထောက်နည်းပြဒေါ်သက်သက်ဝင်းနှင့် ဒေါ်ချိုဇင်မင်းမှာ ‘စီ’လိုင်စင် အမျိုးသမီး ဘောလုံးနည်းပြသင်တန်း တက်ရောက်ရန်အတွက် လည်းကောင်း ကြိုတင်ထွက်ခွာသွားပြီ ဖြစ်သည်။

ပါဝင်

အဆိုပါ အာရှယူ-၁၃ဘောလုံးပွဲတော်ကို အသင်းခုနစ်သင်းယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဂျပန်၊ စင်ကာပူ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်၊ မြန်မာနှင့် အိမ်ရှင်ဗီယက်နမ်တို့ ပါဝင်ကြသည်။

(မြန်မာ့အလင်း)

ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ္မ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဆရာတော် ဘဒ္ဒန္တနန္ဒိယထံ မိဘနှစ်ပါးအား ရည်စူး၍ ဦးဉာဏဝံသ(ခေတ္တ နီပေါနိုင်ငံ)၊ အစ်မ ဒေါ်အုန်းရှိ ၆-က ဝက်ပါလမ်းသွယ် ဗဟန်းမြို့နယ်က ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

ချို့တဲ့နွမ်းပါး ကျောင်းနေအရွယ်ကလေးများ ဖြူးမြို့၌ စာအုပ်နှင့်ထောက်ပံ့ရေးပစ္စည်းများပေးအပ်

ဖြူး ဇွန် ၁၈

ပဲခူးတိုင်း ဖြူးမြို့ ပညာရေးမြှင့်တင်မှုကော်မတီကကြီးမှူး၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၂ခုမှ ချို့တဲ့နွမ်းပါးသော ကျောင်းနေအရွယ်ကလေး ၁၉၆ ဦးအား ဇွန် ၁၆ရက်က ငွေကျပ် ၅၅သိန်းတန်ဖိုးရှိ ဗလာစာအုပ်၊ လက်ရေးလှစာအုပ်၊ ပြဋ္ဌာန်းစာအုပ်၊ စာရေးကိရိယာ၊ မိုးကာ၊ ဖိနပ်၊ လွယ်အိတ်၊ ထမင်းဘူးနှင့် ကျောင်းဝတ်စုံစသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်၍ ကျောင်းအပ်နှံပေးကြသည်။

ထောက်ပံ့

ကျောင်းအပ်နှံရေးလုပ်ငန်းတွင် ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးမိသားစုများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ကြပြီး ပညာရေးဝန်ကြီးဌာန၏ ကျောင်းနေအရွယ်ကလေးများ ကျောင်းသို့ရာနှုန်းပြည့် ရောက်ရှိရေး မျှော်မှန်းချက်အား အထောက်အကူပြု လုပ်ငန်းအဖြစ် အဆိုပါကလေးများကို သူငယ်တန်းမှ အခြေခံပညာ ပြီးဆုံးတတ်မြောက်သည်အထိ ထောက်ပံ့ကြမည်ဖြစ်သည်။

ပို့ချ

ဖြူးမြို့ ပညာရေးမြှင့်တင်မှုကော်မတီအနေဖြင့် ၂၀၀၇-၂၀၀၈ပညာသင်နှစ် ကျောင်းအပ်နှံရေး ကာလတွင်လည်း ကျောင်းသားကျောင်းသူ ၂၈၇ ဦးအား ကျောင်းအပ်နှံပေးခဲ့ပြီး ပညာရည်ချွန် ဆုချီးမြှင့်ခြင်း၊ တက္ကသိုလ်ဝင်တန်း အထောက်အကူပြုသင်တန်းများပို့ချခြင်းနှင့် Summer School ကျွမ်းကျင်သင်တန်းများပို့ချခြင်းများ ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ပြိုလက်ဝဲမြို့ ဆိပ်ခံတံတားအသစ် တည်ဆောက်ရန် မြေနေရာ ရွေးချယ်ထားမှုကို ဇွန်၅ရက်က မောင်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးငွေဝင်းနှင့် ဦးစီးအရာရှိ ဦးလှဖော်ဇံတို့ ကွင်းဆင်းစစ်ဆေးရာ မြို့တာဝန်ခံ ဒုတိယဦးစီးမှူးဦးခင်မောင်ဇံနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဦးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စမ်းချောင်း လင်းလွန်းပင်ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၃၂) ပန်းတနော်လမ်းနေ ဦးဝင်းမောင်၊ ဒေါ်ခင်သောင်း မိသားစုက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသော စမ်းချောင်းမြို့နယ် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက် အတွင်းရှိ ပြုပြင်ဆဲ ကျောင်းဆောင်များအတွက် ဆရာတော်ဘဒ္ဒန္တဥတ္တမာစာရထံ အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းသည်။ (ယာပုံ)

လှူဒါန်းနိုင်

ပြုပြင်ဆဲ ကျောင်းဆောင်များအတွက် လှူဒါန်းလိုသူ အလှူရှင်များသည် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ ဖြစ်စေ၊ တယ်လီဖုန်း ၀၁-၅၃၇၆၅၇သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပဲခူးမြို့ စာသင်ကျောင်းများသို့ စာသင်ခုံ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များလှူဒါန်း

ပဲခူး ဇွန် ၂၀

ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့မှ နာယကဒေါ်စဝ်နွမ်းခွန်ဆမ် ဦးဆောင်သောအဖွဲ့သည် ပဲခူးမြို့ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ပရဟိတကလေးများ စာသင်ကျောင်းနှင့် မူလတန်းကျောင်းများသို့ စာသင်ခုံ၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များလှူဒါန်းပွဲကို ဇွန်၁၃ရက်က ပဲခူးမြို့ ပန်းခြံကုန်း ပရဟိတကလေးများ စာသင်ကျောင်းနှင့် ရွှေဂူလေး မဟာပဒုမဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျင်းပသည်။

အခမ်းအနားတွင် စာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူ ၅၀စီအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ စာရေးကိရိယာ၊ မိုးကာနှင့်ထီးများ လှူဒါန်းခဲ့ပြီး ပဲခူးမြို့ ရှင်စောပုရပ်ကွက်ရှိ ဆိုရှယ်လစ်(တောင်) အခြေခံပညာ မူလတန်းကျောင်းသို့ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စာသင်ခုံများအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသည့် လေးယောက်တွဲ စာသင်ခုံ ၁၂စုံကို နာယကဒေါ်စဝ်နွမ်းခွန်ဆမ်က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းမြင့်က လက်ခံယူကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

ဖလမ်းမြို့နယ်စည်ပင် ရေဖမ်းကန်ပြုပြင် ရေကာတာတည်ဆောက်

ဖလမ်း ဇွန် ၁၂

ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးအောင်သည် ဇွန်၁၀ရက် နံနက် ၁၁နာရီက ဖလမ်းမြို့သို့ ရောက်ရှိကာ မြို့မှ၁၂မိုင် ၆ဖာလုံ အကွာအဝေးရှိ တလန်လဲင်းစိမ့်စမ်းရေထွက်တွင် သောက်သုံးရေသုံးစွဲသူများနှင့် အဖွဲ့ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရေဖမ်းကန်ပြုပြင်ခြင်း၊ ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထလာဟရဲက ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မျက်စိဝေဒနာရှင်များအား အခမဲ့စစ်ဆေးကုသ

အုတ်တွင်း ဇွန် ၁၄

တောင်ငူခရိုင် မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း ဒါရိုက်တာ မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်မြမြစိုးနှင့် အဖွဲ့သည် ဇွန် ၅ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ မြို့ပေါ် ခြောက်ရပ်ကွက်ရှိ မျက်စိဝေဒနာရှင် ၅၀တို့အား မျက်စိ အခမဲ့စစ်ဆေးကုသခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ကြသည်။

ဆေးကုသ

အဆိုပါမျက်စိဝေဒနာဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အုတ်တွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေနှင့် မြို့နယ် ဆရာဝန် ဒေါက်တာ သင်းသင်းအောင်တို့က ကူညီပံ့ပိုးဆောင်ရွက်ပေးကြကြောင်း သိရသည်။ (ဝဲပုံ) (၃၁၆)

မြို့နယ် သတင်းများ

စာကြည့်တိုက်အဆောက်အအုံ ဖြစ်မြောက်ရေး ဆောင်ရွက်

ရေး ဇွန် ၁၀

မွန်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့်မြို့နယ်ဦးစီးမှူး ဒေါ်ဇင်နန္ဒာဦးတို့သည် ဇွန် ၅ရက်က ရေးမြို့ ဟံဂံကျေးရွာသို့ သွားရောက်ပြီး စာကြည့်တိုက် ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ စာကြည့်တိုက်အဆောက်အအုံဖြစ်မြောက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဟံဂံကျေးရွာ ဥက္ကဋ္ဌက အဆောက်အအုံလျင်မြန်စွာဖြစ်ပေါ်လာရေးအတွက် ပြောကြားပြီး စာကြည့်တိုက် ကော်မတီဝင်များက လိုအပ်သည်များကို ဆွေးနွေးကြကာ ပြည်နယ်မှူးက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ လှူဒါန်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကြို့ပင်ကောက်မြို့ အမှတ်(၁)စည်ပင်သာယာဈေး၊ အမှတ်(၂)ပုံကျဈေး၊ စာသင်ကျောင်းများနှင့် လူနေရပ်ကွက်၊ ရေမြောင်းစသော ခြင်ပေါက်ပွားရာ နေရာများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အမှတ်(၁)စည်ပင်သာယာဈေးအတွင်း ဆောင်ရွက်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးထွန်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

နေပြည်တော်လယ်ဝေး ဇွန် ၁၀

နေပြည်တော်လယ်ဝေး သီရိရတနာမြို့မဈေး ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဇွန်၅ရက် မွန်းလွဲ၂နာရီက အထည်ရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်း သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးမြင့်အောင်၊ ဥက္ကဋ္ဌဦးကျော်ဝင်းနှင့် ဈေးကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ နှစ်ပတ်လည် အစီရင်ခံစာကို ဦးမောင်မောင်အောင်၊ ရှင်းတမ်းစာရင်းကို ဦးမြင့်ဆောင်တို့ကဖတ်ကြားပြီး အသင်းသားများက အတည်ပြုကာ ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သောစေယျံစာစဉ်-၇ ထွက်ပြီ
တန်ဖိုး-ကျပ် ၉၀၀
"န စ သော၊ န စ အသော"
နှင့် ဓမ္မရသစာစုများ
အရှင်ဓမ္မပီယ(မြောင်)
ထုံးတောင်တောရ (တောင်တွင်းကြီး)
ဖြန့်ချိရေး-နေလစာပေ၊ အမှတ်၂၁၆၊ ၃၁လမ်း(ထက်)၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၃၈၂၃။
ထွန်းဦးစာပေ၊ မန္တလေးမြို့။

အကောင်းကြိုက်စားသောက်ဆိုင် III
မိုးကုတ်မြို့မှအစပြု၍ ရန်ကုန် ယခုမန္တလေးမှာ ဤဆိုင်ကို ထပ်မံတိုးချဲ့ဖွင့်လှစ်လိုက်ပြီ။ မနက်ပိုင်းအတွက် ရှမ်းခေါက်ဆွဲ၊ ဆီချက်၊ ဖက်ထုပ်ပြုတ်၊ ဖက်ထုပ်ကြော်၊ အကင်စုံနှင့် ထမင်းသုပ်ခြောက်မျိုး၊ သဘော်သီးထောင်း၊ ကြက်ခြေထောက်ချဉ်ငန်စပ်သုပ် (အအေးသုပ်)များကို အရသာရှိရှိ စားနိုင်ရန်စီမံထားပါသည်။
ဖွင့်မည့်ရက်မှာ - ၂၇-၆-၂၀၀၈ရက်
လိပ်စာ - ၆၃×၄၂ လမ်းထောင့်
နှ(၄)၊ ၉၆ မဟာမြိုင် ၂ရပ်ကွက်
ဖုန်း ၀၂-၆၆၈၂၁။

ITALIANO Furniture
1. Full Leather Sofa Sets
2. Fabric Sofa Sets
3. Iron Office Furniture
Special Discount
ယခင် 10% Discount မှ ယခု 30% Discount ကို ၁-၆-၂၀၀၈ရက်မှ ၁-၈-၂၀၀၈ရက် အထိသာ။
Pacific Group Ltd.
No.4/4 A, 4/ 5 A Kaba Aye Pagoda Road, Chawdwingone Junction, Mayangone Tsp. Yangon.
Tel & Fax: 95-1-661771 /660941, 09-5131074 e-mail: pgl@ myanmar. com.mm

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၆၈၀၅ Honda C-90 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဝင်း၁/ဗမန(ဧည့်)၀၀၀၁၂၂ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ဗန်းမော်မြို့)။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်တက/၇၇၉၄ ယာဉ်အမျိုးအစား ဟွန်ဒါဒရင်း ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းစိုး ၁၃/ညရန(နိုင်)၀၀၁၁၉၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနရုံး (တောင်ကြီး)။**

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မမ/၆၉၂၄ YAMAHA SPARK ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်လွင် ၆/မအရ (နိုင်)၀၅၇၃၁၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဦးစီးမှူးရုံး(မြိတ်)။**

အိမ်နှင့်မြေရောင်းမည်
၁၅ပေ X ပေ၄၀၊ ၁၀၉လမ်း၊
မင်္ဂလာတောင်ညွန့်
ဖုန်း-၀၉-၉၉-၂၈၅၉၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန် ၄၄၆/၉၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဦးသန်းစိုး**
ဖုန်း-၀၁-၂၄၁၂၉၉။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ရေယာဉ်လုပ်သက်မှတ်တမ်းစာအုပ်အမှတ် ရန် ၆၄၉/၉၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဦးမောင်ကြည်**
ဖုန်း-၀၁-၂၄၁၂၉၉။

Air Con
အဟောင်း/အပျက်များ
ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
ဖုန်-၀၉-၅၁-၃၀၀၄၃၊
၀၉-၈၀-၂၂၇၈၀။

အင်္ဂလိပ်စာ/စကား
အခြေခံမှ စ၍ စနစ်တကျ
သင်လိုသူများအတွက်
ဖုန်း-၃၈၈၃၀၇။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်လ/၄၇၇၈ မာစီဒီးဆလွန်းယာဉ်လက်ဝယ်ရှိသူ ဦးနေဇင်လတ် မှတ်ပုံတင်အမှတ်၁၂/သဃက(နိုင်)၀၀၁၇၈၃ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ (ရန်ကုန်မြို့)။

မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ဖရူဆိုမြို့၌ ကျင်းပ

ဖရူဆို ဇွန် ၁၃

ဖရူဆိုမြို့နယ် မြို့အဝင် ဆုတောင်းပြည့်ဘုရားဝင်းနှင့် ကားလမ်းဘေးဝဲယာတစ်လျှောက်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန်၆ရက်နံနက် ၇နာရီခွဲက ကျင်းပသည်။

စိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို နယ်မြေခံတပ်နယ်မှ ဦးဆောင်၍ တပ်ရင်းတပ်ဖွဲ့ဝင်မိသားစုများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၇၀၀ကျော်တို့ တက်ရောက်ကြပြီး အရိပ်ရပင်၊ ပန်းအလှပင်၊ လေကာပင်နှင့် ကျွန်းပင်အစရှိသော ပျိုးပင်ပေါင်း ၁၆၃၉ ပင်ကို တပျော်တပါးစုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**
(မြို့နယ် ပြန်/ဆက်)

ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက် ကျိုင်းငမ်း ၁လမ်းနေ ဒေါ်နန်းစမ်ဖဲ၏ အသက်(၉၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို ကျိုင်းတုံဘိုးဘွားရိပ်သာသို့လှူဒါန်းရာ ကျိုင်းတုံဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်း လက်ခံယူစဉ်။ (က-ပ)

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-(၅၁၆/အမ်)

ဘဏ်ခွဲမန်နေဂျာ	**နှင့်**	၁။ ဦးကျော်ထွန်း
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်အေးအေးသန်း
ဝမ်းတွင်းမြို့။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၂၉၉တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ် ၂ရပ်ကွက် ကွင်း ၁၄၆၈/ဝမ်းတွင်းမြို့မ၊ ဦးပိုင်အမှတ် ၃၄/၄၇၊ မြေကွက်အမှတ် ၁၂၀/၂၇၅၊ ဧရိယာ ၀ဒသမ၀၆ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ ပတ်ကား၊ ကွန်ကရစ်ခင်းနှစ်ထပ်တိုက်၊ သွပ်မိုး၊ နံကပ်၊ နှစ်ထပ်တိုက်၊ မြေကွက်အမှတ်(ဘီ) ဦးပိုင်(ဘီ-၁၃)၊ ဧရိယာ ၀ဒသမ၀၉ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်၊ သွပ်မိုး၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ် ၂၄၅သိန်း။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃၆၆

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း	**နှင့်**	၁။ ဦးကိုကိုကျော်
ဖွံ့ဖြိုးမှုဘဏ်လီမိတက်		၂။ ဒေါ်ဝင်းမြင့်
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၁၆၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁၈ ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်၊ အကွက်အမှတ်(၄၁၇)၊ ဦးပိုင်အမှတ်(၄၅-ဇ)၊ ဧရိယာ ၀ ဒသမ ၁၀ ဧကနှင့် ဦးပိုင်အမှတ်(၄၅-ခ)၊ ဧရိယာ ၀ ဒသမ ၃၅ ဧကရှိ ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၀၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ ခုနှစ် ဇွန် ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ်-၆၀

မန်နေဂျာ	**နှင့်**	၁။ ဒေါ်ဟန်စိန်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဦးခင်မောင်ညွန့်
မြင်းခြံမြို့		
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၀၄ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဇူလိုင် ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မြင်းခြံမြို့ အမှတ်(၃)ရပ်ကွက် အကွက်အမှတ်(၉/ခ) ပူဇနက်ကျင်း၊ ဦးပိုင်အမှတ်(၁၃၃/စ) ဧရိယာ(၀ဒသမ၁၂၂)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ(၃၀×၁၄×၁၂)ပေ ထပ်ချင်းမီးခံ ပတ်ကားတိုက်နှင့်(၃၁×၁၃)ပေရှေ့အဖီ၊ (၂၅ ×၁၄ ×၁၉)ပေ နှစ်ထပ်ဂိုဒေါင်၊ (၂၂ ×၆ ×၇)ပေ စတိုရေချိုးခန်း နှင့်(၅ ×၄ ×၇)ပေ ရေအိမ်သာ။

ကြမ်းခင်းဈေး ကျပ် ၃၃၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို(တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊
မြင်းခြံမြို့။

ရောင်းရန်ကြော်ငြာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၈ခုနှစ် တရားမဇာရီမှုအမှတ်-၆

မန်နေဂျာ	**နှင့်**	၁။ ဦးခင်မောင်မြ ၂။ ဒေါ်ခင်စန်း
မြန်မာ့စီးပွားရေးဘဏ်		၃။ ဒေါ်နုနု ၄။ ကိုဝင်းသန်း
မြင်းခြံမြို့။		၅။ မသန်းသန်းစိုး
တရားနိုင်		**တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၁၉၉ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဩဂုတ် ၁ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါဆိုလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

နွားထိုးကြီးမြို့ အမှတ်(၅)ရပ်ကွက်၊ ကွင်းအမှတ် (၅၆၉/က)၊ နွားထိုးကြီး မြေကွက်အမှတ်(၁၄၇)၊ ဧရိယာ ၀ဒသမ ၂၀၁ဧကရှိမြေ၊ ယင်းမြေကွက်ပေါ်ရှိ (၃၂×၂၈×၂၀)ပေရှိ နှစ်ထပ်တိုက်၊ (၈×၂၄×၁၀)ပေရှိ မီးဖိုချောင်၊(၂၇×၃၆×၁၂) ပေရှိ ဆီကြိတ်စက်ရုံ။

ကြမ်းခင်းဈေး ကျပ်သိန်း၂၉၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို (တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊
မြင်းခြံမြို့။

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်

★ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။